Agribiz News
www.agribiznews.com.mm
e-Paper-0008
၂၀၂၄ ခုနှစ် ဧပြီ ၁၅ ရက်



# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်တွင်း ဆီစားသုံးမှုကို ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖူလုံစေရန် ကြိုးပမ်း

နေပြည်တော်၊ ဧပြီ ၅

ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်ပမှ စားသုံးဆီ တင်သွင်းမှု လျှော့ချနိုင် ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ က "စားသုံးဆီဖူလုံရေး အတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီ"ကို ဖွဲ့စည်းပေးခဲ့ပြီး စီမံကိန်းအားထိရောက်စွာ အကောင် အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ ကဏ္ဍများ အလိုက် လုပ်ငန်းကော်မတီ ၆ ရပ် နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး ပြည်နယ် အသီးသီး တွင်လည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်သည်။ ကာလတိုအတွင်း တိုးချဲ့စိုက်ပျိုးနိုင်ပြီး တစ်ဧက ဆီထွက်နှုန်း ကောင်းမွန်သည့် နေကြာသီးနှံ တိုးချဲ့ စိုက်ပျိုးရေးစီမံကိန်းကို ၂၀၂၂ ခုနှစ် မိုးရာသီမှ စတင် အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိသကဲ့သို့ ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်ရေး အတွက် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများ ကို ဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် နှင့် လုပ်ငန်းများ ရည်မှန်းချက်အတိုင်း အောင်မြင်စေရန် စိုက်ပျိုးရေးပညာရှင်များကို ဇုန်တာဝန်ခံများ အဖြစ် အနီးကပ်ကြီးကြပ် နိုင်ရန် တာဝန်ပေးအပ်ထား ကြောင်း၊ မျိုး၊မြေ၊ရေ၊နည်းပညာ အပါအဝင် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စိုက်ပျိုးထွက်ရှိလာသော နေကြာအပါအဝင်ဆီထွက်သီးနှံများ ဈေးကွက် ရရှိရေးနှင့် အရည်အသွေး ပြည့်ဝသော စားသုံးဆီထုတ်လုပ်နိုင် ရေး အတွက် ဆီစက်များ ဖွံ့ဖြိုးရေး နှင့် အဆင့်မြှင့်တင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင် သော "ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့" ကို ဖွဲ့စည်း ထားရှိပြီး ဖြစ်သည်။

ပြည်တွင်းစားသုံးဆီ ဖူလုံရေး အတွက် ဆီထွက်သီးနှံတိုးတက် ထုတ်လုပ်ရေး သက်ဆိုင်ရာ ကဏ္ဍ အလိုက် ဆောင်ရွက်ရမည့်အစီအမံ များနှင့်ပတ်သက်သည့်ညှိနှိုင်းအ စည်းအဝေးကို ဧပြီ ၅ ရက်နေ့က စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ပြည်တွင်း၌ စိုက်ပျိုး ထုတ်လုပ် သည့် ဆီထွက်သီးနှံများကို ရာသီ အလိုက် နယ်မြေဒေသအလိုက် တိုးတက် စိုက်ပျိုးနေသော်လည်း ပြည်တွင်းစားသုံးဆီအတွက် ဆီဖူလုံမှု မရှိခြင်းကြောင့် ပြည်ပမှ တစ်နှစ်လျှင် စားအုန်းဆီ တန်ချိန် ၆ သိန်းခန့် တင်သွင်းနေရသဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာနှစ်၌ ပြည်တွင်း စားသုံးမှုအတွက် ပြည်တွင်းထုတ် လုပ်မှုမှ လုံလောက်စေရန် ကြိုးပမ်း လျက်ရှိကြောင်း၊

မိမိတို့ဝန်ကြီးဌာနအနေဖြင့်၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစ၍ မြေပဲ၊ နှမ်း၊ နေကြာ နှင့် ပန်းနှမ်း၊ ဆီမုန်ညင်း ၊ ဆီထုတ် ပဲပုပ် စသည့် ဆီထွက်သီးနှံ များအား ရေမြေ၊ ရာသီဥတု အခြေ အနေပေးသည့် ဒေသများတွင် အထူးဇုန် ၇ ခု သတ်မှတ်ပြီး အထူး အရာရှိများ တာဝန်ပေးအပ်၍ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နေသကဲ့သို့ ပုံမှန်စိုက်ပျိုးလျက်ရှိသော ဒေသများ တွင်လည်း ယခင်နှစ် ပျမ်းမျှအထွက် နှုန်းထက် မလျော့ကျစေရန် တိုက်တွန်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က ပြောကြားသည်။

ထွက်ရှိလာသည့် ဆီထွက်သီးနှံ များကို ဆီကြိတ်ခွဲမည့် ဇုန်သတ်မှတ် နိုင်ရေး၊ ကြိတ်ခွဲ မည့် ပမာဏ လျာထားမှုများ အပါအဝင် ပံ့ပိုး လုပ်ဆောင်နိုင်ရန် ၊ ဆီထွက်သီးနှံ များ လုံးဆန်အဖြစ် Export ဆောင် ရွက်မှု၊ စက်မှုကုန်ထုတ်လုပ်ငန်းသုံး ရန် စားအုန်းဆီ လိုအပ်ချက်အရ ပြည်တွင်း ထုတ်လုပ်မှု ပမာဏ အပေါ်မူတည်၍ အမှန်တင်သွင်းရ မည့် ပမာဏ၊ ရောနှောဆီအတွက် တင်သွင်းရန် စားအုန်းဆီပမာဏ၊ ပြည်တွင်း ဆီကြိတ်ခွဲနိုင်ရန် လုံလောက်သည့် ပမာဏ ကို ဆီစက်များသို့ မရောက်မီ ပြည်ပတင်ပို့ခွင့်နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် ကိစ္စများကိုသက်ဆိုင်ရာ ဝန်ကြီး ဌာနများနှင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြည်ထောင်စု ဝန်ကြီးက ဆက်လက်ပြောကြား သည်။

အဆိုပါအစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း က ၂၀၂၄ ခုနှစ်၊ မတ်လ အထိ မှတ်ပုံတင်ထား

စာ-၃ သို့

နှစ်သစ်တွင်အားလုံးကာယ စိတ္တသုခနှစ်ဖြာ ပြည့်စုံ၍ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်



# ချည်မျှင်ရှည်ဝါ ဧကရှစ်သိန်းထိ တိုးမြှင့်စိုက်ပျိုးရန် လျာထား ဆောင်ရွက်

နေပြည်တော် ဧပြီ ၂

လက်ရှိတွင် တစ်နိုင်ငံလုံး၌ ချည်မျှင်ရှည်ဝါ ဧက ၅၁၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် ချည်မျှင်ရှည်ဝါ ဧက ရှစ်သိန်း အထိ တိုးမြှင့် စိုက်ပျိုးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လျာထား ဆောင်ရွက်လျက်ရှိရာ မြန်မာ့ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုသမိုင်းတွင် အမြင့်ဆုံးစိုက်ပျိုးနိုင်မှု အခြေအနေကို ရည်မှန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရာသီဥတု အခြေအနေ ဈေးကွက်နှင့် ဘက်ပေါင်းစုံ အခြေအနေအရပ်ရပ်တို့ကြောင့် ခေတ်အဆက်ဆက်တွင် စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခဲ့သည့် မြန်မာနိုင်ငံ၏ ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုအား ပြန်လည်မြှင့်တင်နိုင်ရန်၊ ပြည်တွင်းအသုံးပြုမှု အတွက် လိုအပ်သော ချည်မျှင် ချည်ထည်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်၊ ချည်မျှင် နှင့် ချည်ထည် လုပ်ငန်းအခြေခံ စက်မှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် တို့ကို ရည်ရွယ်၍ ချည်မျှင်ရှည်ဝါ သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ဧပြီ ၂ ရက်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အလားတူ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ထားရှိသော ဝါသီးနှံ သုတေသန နှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ သုတေသနတွေ့ရှိချက်များ နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၃ ရက်နေ့ က မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရှိ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး (ရွှေတောင်)ခြံ၌ ကျင်းပပြုလုပ်သည်။

ပြည်သူများ၏ ဝတ်ရေး နှင့် နိုင်ငံ၏ စက်မှုကုန်ကြမ်း အတွက် အရေးကြီး ကုန်စည် တစ်ခုဖြစ်သည့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးဧက လျာထားချက်ပြည့်မီရေးကိုနိုင်ငံတစ်ဝန်းတစ်နှစ်ထက် တစ်နှစ် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ချည်မျှင် ရှည်ဝါ မျိုးများကို စနစ်တကျ ထိန်းသိမ်းရန် နှင့် ချည်မျှင်ရှည်ဝါမျိုးများကို တောင်သူများထံ ဖြန့်ဖြူးခြင်းမပြုမီ သေချာစွာစမ်းသပ်စစ်ဆေး အတည်ပြုပေးရန်လိုကြောင်း၊ ချည်မျှင်ရှည်ဝါမျိုးများနှင့် ပတ်သက်၍ နိုင်ငံတစ်ဝန်း လွှမ်းခြုံမှုရှိရန် လိုကြောင်း၊ ချည်မျှင်ရှည်ဝါသီးနှံ စပ်မျိုးများ နှင့် ပတ်သက်၍ မိုးဦး မိုးနှောင်း လျာထား စိုက် ဧက များ အ တွ က် မျိုး လိုအပ် ချက် လုံလောက်မှု ရှိစေရေး ကြိုး ပ မ်း လု ပ် ဆော င် ကြ ရ န် လို ကြောင်း ၊ ချည်မျှင်ရှည်ဝါ မျိုးစပ်မွေးမြူရေး ဘာသာရပ် ထွန်းကားလာစေရန်၊ လုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ပြီး ပညာရှင်များအား စဉ်ဆက်မပြတ် လက်ဆင့်ကမ်းမွေးမြူရန်၊ ပညာရှင်မွမ်းမံသင်တန်းများ နှင့် အားဖြည့် ဆောင်ရွက်ရမည့် အစီအစဉ်များ ရေးဆွဲရန် ၊ မျိုးမွေးမြူရေးပညာရပ်နှင့် သုတေသီများ တစိုက်မတ်မတ် လုပ်ဆောင်နိုင်ရေး လေ့ကျင့်ပညာပေးရန် အပြင် စိုက်ပျိုးသူတောင်သူများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရေး တို့ကို စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ် က ပြောကြားသည်။

ဝါသီးနှံဖွံ့ဖြိုး တိုးတက်ရေး အတွက် နည်းပညာပေး လုပ်ငန်းများ၊ ဝါမျိုးရိုးဗီဇ မြှင့်တင်ရေး ၊ မျိုးမွေးမြူရေးနှင့်ဝါသီးနှံဇီဝကမ္မဆိုင်ရာ သုတေသန ကဏ္ဍများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်တင်၍ တစိုက်မတ်မတ် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြရန်လိုအပ်ကြောင်း ၊ ဝါသီးနှံ၏ အရည်အသွေးပိုင်းဆိုင်ရာ လက္ခဏာများ မြှင့်တင် ကောင်းမွန်စေရေး၊ လက်တွေ့အသုံးချ သုတေသန လုပ်ငန်းများ၊ မျိုးရွေးချယ်ခြင်းနှင့် မျိုးစေ့ထုတ်လုပ်ငန်းများတွင် ဝါတောင်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန် လိုကြောင်း၊ သုတေသီပညာရှင်များ နှင့် တောင်သူများ အတူယှဉ်တွဲ လုပ်ကိုင်ဆောင်ရွက်ကြမှသာ ဝါသီးနှံ သုတေသန နှင့် နည်းပညာဖွံ့ဖြိုးရေး လုပ်ငန်းများ ထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဝါသုတေသနစင်တာ (Cotton Recharch Center) တစ်ရပ် ပီပီပြင်ပြင် ဖော်ထုတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆက်လက်ပြောကြား သည်။

အလုပ်ရုံဆွေးနွေးပွဲ တွင် နေပြည်တော်၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးများ ရှိ မြို့နယ် ၅ ခုတွင် ဆောင်ရွက်ထားရှိသော ဝါသီးနှံ ၈ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ ဆောင်ရွက်ခဲ့မှုများနှင့် စမ်းသပ်ကွက်များ၏ တွေ့ရှိချက်များ ၊ ဝါမျိုးတစ်မျိုးချင်းစီ၏ အရည်အချင်းလက္ခဏာများ ၊ အထွက်နှုန်းများ နှင့် ဝါသီးနှံတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများ၏ ခံနိုင်ရည်ရှိမှုကို တောင်သူများလက်တွေ့ လေ့လာနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု ၊ ဝါဂွမ်း ချည်နှင့် ချည်ထွက်ပစ္စည်း အရည်အသွေး ကောင်းမွန်သည့် ဝါမျိုးများ ၊ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အထွက်ကောင်း ဝါမျိုးများကို တောင်သူများ ရွေးချယ်စိုက်ပျိုးတတ်စေရေး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးခဲ့ကြပြီး ဝါသီးနှံ သုတေသနများနှင့် ဝါသီးနှံ ဇီဝကမ္မဆိုင်ရာ လေ့လာချက်များဆောင်ရွက်ခြင်း၊ ဝါသီးနှံမျိုးမွေးမြူရေး သုတေသီပညာရှင်များကို ဦးစားပေး၍ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေး အပါအဝင် ဝါသီးနှံ ဖွံ့ဖြိုးတိုးတက်ရေး ပတ်သက်၍ ကဏ္ဍအလိုက် ဦး စား ပေး အ စီ အ စ ဉ် များ ဖြ င့် ဆောင်ရွက်နိုင်ရေး ၊ တောင်သူများ နှင့် ပညာရှင်များ အကြားအလပ်မရှိ ဆောင်ရွက်ကြရန် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်
ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် တို့ကို လိုက်နာကျင့်သုံးပါ။




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နိုင်ပြီးကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင်တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲ အောက် မိုးထစ်ချုန်းရွာနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည် နယ်တို့တွင် ၃ ရက်မှ ၄ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## နေ့အပူချိန်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့်မွန်ပြည်နယ် တို့တွင် ဧပြီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင်ဧပြီလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့်ညောင်ဦးမြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပြီး ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ၁ ပေမှ ၃ပေခွဲခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပါသည်။ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင်ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီလက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ လက်မ ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည်မြဝတီမြို့တွင် ၃ လက်မခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်အောက်ကျဆင်းလာနိုင်ပြီး ပဲခူး မြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင်ပေဝက်မှ ၁ ပေခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်း မြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပါ သည်။

■

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန



AgriBizNews
Mobile Application

Agribiz News www.agribiznews.com.mm

**တာဝန်ခံအယ်ဒီတာ**
ထွန်းသက်ပိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

**ထုတ်ဝေသူ**
ဦးအောင်ဇံထွေး(မြ-၀၀၄၁၀)

**လိပ်စာ**
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

မျက်နှာဖုံးမှ

သော ဆီစက်များနှင့် ဆီစက်များ၏ လည်ပတ် ထုတ်လုပ်နိုင်မှု အခြေအနေ၊ ပြည်တွင်းဆီစက်များတွင် အဆင့်မီစက်ပစ္စည်းများ တိုးချဲ့ တပ်ဆင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လက်ရှိဆီစက်များ အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်ရန်အတွက် ရင်းနှီး မြှုပ်နှံမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဆီစက် လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၌ ချေးငွေရယူထားသူများအနေဖြင့် သီးခြားအာမခံ တင်သွင်းနိုင်ပါက ဆီစက်ချေးငွေ လျှောက်ထားနိုင်မှုနှင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေ အသိပေး ဆွေးနွေးပွဲများ ကို ကျင်းပပေးနေမှု ပြည်တွင်းရှိ ဆီစက်များ၏ အရည် အသွေးမီစွာ ထုတ်လုပ်နိုင်ရေး မြှင့်တင်ဆောင်ရွက်နိုင်ရေး နှင့် အရောင်၊ အနံ့ နှင့် အရသာ ပြည့်စုံသည့် စားသုံးဆီများ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်နေမှုများကို ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကိုယ်စား စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင် က ဆီထွက်သီးနှံတင်ပို့ ရောင်းချမှု အခြေအနေများ ၊ စားအုန်းဆီ တင်သွင်းမှုအခြေအနေနှင့် တင်သွင်း တင်ပို့မှု ကြီးကြပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံများအား အထူးဇုန်ဧရိယာများ သတ်မှတ်ဆောင်ရွက်ခြင်းဖြင့် သီးနှံ အလိုက် ထွက်ရှိနိုင်မှု နှင့် စားသုံးဆီ ဖူလုံနိုင်မည့်အခြေအနေ၊ ပြည်တွင်း ဆီထွက်သီးနှံများမှထုတ်လုပ်သည့်ဆီဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံမှုရရှိစေရေး ဆောင်ရွက်ရန် လိုအပ်မည့် လုပ်ငန်းများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်း တင်ပြသည်။

အစည်းအဝေးတွင် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက် ရေး၊ ပြည်ပ လုံးဆန်တင်ပို့မှု၊ စားအုန်းဆီလိုအပ်ချက်နှင့် တင်သွင်းမှုလျှော့ချရေး၊ ဆီစက်များ အပြည့်အဝလည်ပတ်ရေး အတွက် ကုန်ကြမ်းရရှိရေးနှင့် စားအုန်းဆီ အရည်အသွေးပြည့်မီရေး အတွက် ကြီးကြပ်ဆောင်ရွက်ရေး၊ ဆီစက်လုပ်ငန်းရှင်များ၊ ထုတ်လုပ်သူ တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်သည့် အကျိုးတူ ကန်ထရိုက် လယ်ယာစနစ် ဖြစ်ပေါ်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

MOALI

# နွေသီးနှံများ စိုက်ပျိုးရေဖူလုံရန် ဆီထွက်သီးနှံ အထူးဇုန်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်း

နေပြည်တော် ဧပြီ ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများ၏ ဆည်ရေသောက်ဧရိယာများအတွင်း နွေသီးနှံစိုက်ပျိုးရေ အလုံအလောက်ပေးဝေနိုင်ရန်၊ ဆီထွက်သီးနှံ အထူးဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှင့် လျာထားချက်ပြည့်မီစွာ ဆောင်ရွက်နိုင်ရန်၊ သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတိုးတက်ရေးလုပ်ငန်းများကို ဧပြီ ၃ ရက်မှ ၆ ရက်နေ့အထိ ကွင်းဆင်းစစ်ဆေးခြင်း၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွင်း နွေစပါးစိုက်ဧရိယာများ စိုက်ပျိုးရေ အဆင်ပြေ လုံလောက်စွာ ရရှိစေရေး၊ သီးနှံအထွက်နှုန်း ကျဆင်းမှု မဖြစ်ပေါ်စေရေးအတွက် ပိုးမွှားရောဂါအန္တရာယ်ကာကွယ်ခြင်းနှင့် ပေါင်းမြက်များနှိမ်နင်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန်၊ တောင်သူများ မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်ဝစွာအသုံးပြုနိုင်ရေးနှင့် ထွက်ရှိလာသည့် သီးနှံအထွက်နှုန်းများကို မှတ်သား၍ နှိုင်းယှဉ်သုံးသပ်ပြီး တစ်ရာသီထက်တစ်ရာသီ သီးနှံ အထွက်တိုးတက်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။



အလားတူ တောင်သူများနှင့် တွေ့ဆုံစဉ် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများ လျာထား ဧကပြည့် စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေး အတွက် မျိုး၊ မြေ၊ ရေ၊ နည်းပညာ လိုအပ်ချက်များရှိပါက မိမိတို့ဝန်ကြီးဌာနအောက်ရှိ နီးစပ်ရာ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးရေ ချွေတာသုံးစွဲရေးနှင့်သီးနှံအထွက်နှုန်းအပေါ် စိုက်ပျိုးရေပေးသွင်းမှု၏ သက်ရောက်မှုများ၊ ရာသီဥတုနှင့်လိုက်လျောညီထွေသည့် သီးနှံမျိုး၊ စိုက်စနစ် နှင့် နည်းပညာများ ပြောင်းလဲကျင့်သုံးရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များ၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး ဆောင်ရွက်ပေး ရန်လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးနိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိ သည်။

MOALI

## ပုသိမ်ကြီးတွင် အင်ဂျင်သုံး ၆ တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ပုသိမ်ကြီး ဧပြီ ၃

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပုသိမ်ကြီးမြို့နယ်၊ စက်မှုလယ်ယာ ဦးစီးဌာနနှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အင်ဂျင်ပါဝါသုံး(၆) တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီက နန္ဒတောင်ကျေးရွာ၊ ကွင်းအမှတ် ၄၅၀ ၊ ဦးပိုင်အမှတ် ၉၆ တောင်သူ ဦးကျော်မိုး၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဆန်းအောင်၊ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ၊ အင်းကုန်းစက်ရုံ ညွှန်ကြားရေးမှူး ဦးမျိုးလွင်ဦး၊ လယ်ယာသုံးစက်ကိရိယာ အရည်အသွေး စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူး ဦးလှမိုးအောင်၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူ ၃၀ ဦးခန့် တက်ရောက်ခဲ့ပြီး၊ ဒေသခံတောင်သူများ ကိုယ်တိုင် အဆိုပါ လက်ဆွဲကောက်စိုက်စက်အား စိတ်ဝင်စားစွာ ဝင်ရောက်စိုက်ပျိုးခဲ့ကြသည်။

အင်ဂျင်ပါဝါသုံး ၆ တန်းသွား လက်ဆွဲကောက်စိုက်စက်သည် စိုက်ပျိုးတန်းကြား အကွာအဝေး ၂၃၀ မီလီမီတာ ၊ ပင်ကြားအကွာအဝေး ၁၀၀-၁၈၀ မီလီမီ တာ၊ တစ်ဧကပြီးစီးရန် ကြာချိန် ၁ နာရီ ၄၅ မိနစ်မှ ၂ နာရီခန့် ၊ အသုံးပြုအင်ဂျင်မြင်းကောင်ရေ 2HP ၊ အလေးချိန် ၆၅ ကီလိုဂရမ်သာရှိပြီး တက်ရောက်လာသည့် တောင်သူများ စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

AMD







# ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေမည့် ရေအရင်းအမြစ် စီမံမှုများ
# စာတမ်းဖတ်ပွဲကျင်းပ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန က ကျင်းပပြုလုပ်သည့် ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျော ညီထွေမည့် ရေအရင်းအမြစ်စီမံမှုများ(Climate Change Adaptation to Water Resources Management) စာတမ်း ဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် ၁၅ စုဝေးဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များနှင့် လေ့လာသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်များမှ စာတမ်းရှင်များနှင့် လေ့လာသူများက အွန်လိုင်း မှ ပါဝင်တက်ရောက်ကြသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော် အစိုးရအနေဖြင့် လယ်ယာကဏ္ဍကို အခြေခံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက် လျက်ရှိရာ စိုက်ပျိုးသီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် မြေယာကို အကျိုးရှိစွာ အသုံးချ နိုင်ရေး၊ ရေရရှိရေး နှင့် စနစ်တကျသုံးစွဲရေး၊သီးနှံအမျိုးအစားအလိုက် ဒေသများနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရွေးချယ် အသုံးပြုရေး၊ ဒေသ အလိုက် လိုက်လျောညီထွေ ရှိမည့် ခေတ်မီ နည်းပညာများသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ရှိအောင် ဆောင်ရွက်နိုင်ရေး တို့ကို စီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊

သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းသည် ရာသီဥတုအပေါ် များစွာတည်မှီနေသဖြင့် ယနေ့ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကြုံတွေ့နေရသည့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကို သတိချပ်ကာ ရေစီမံခန့်ခွဲမှုများကို ဂရုပြု ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျော ညီထွေဖြစ်သော လယ်ယာကဏ္ဍဖော်ဆောင်နိုင်ရေးအတွက် Myanmar Climate-Smart Agriculture Strategy ကို ပြုစုထုတ်ပြန်ထားပြီးဖြစ်၍ သွေဖည်မှုမရှိစေဘဲ စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်းလုံးတွင် အယ်လ်နီညို သက်ရောက်မှုများနှင့် လာနီညာ သက်ရောက်မှုများ ကြုံတွေ့ရလျက်ရှိရာ လယ်ယာစီးပွားကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးကို စနစ်တကျ ကြိုတင်စီမံဆောင်ရွက်နိုင်မှသာ နိုင်ငံနှင့် ဒေသခံ တောင်သူ လယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းရာရောက်မည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေ ပေးဝေမှုကဏ္ဍများတွင်လည်း ရေအလေအလွင့်နည်းပါးစွာ စီမံဆောင်ရွက်၍ ရေအသုံးချသူတောင်သူလယ်သမားများ ပါဝင်သည့် "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်" အကောင်အထည်ဖော်မှုကဏ္ဍများကိုလည်း အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါကြောင်း၊

မိမိတို့ဝန်ကြီးဌာနအောက်ရှိဌာနများတွင် နည်းပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊စာတမ်းဖတ်ပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများ အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းကဏ္ဍတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသော အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့တတ်ကျွမ်းရမည့် နည်းပညာများကို လေ့လာသင်ယူ၍ လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေ ဖြစ်အောင် လက်တွေ့အသုံးချရန်ကိုလည်း တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် "ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေမည့် ရေအရင်းအမြစ် စီမံမှုများ" စာတမ်းဖတ်ပွဲကို ကျင်းပရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာတမ်းဖတ်ပွဲ၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲကို ကျင်းပရာ ပထမနေ့တွင် စာတမ်း ၁၂ စောင်၊ ဧပြီ ၉ ရက် ဒုတိယနေ့တွင် စာတမ်း ၁၂ စောင် ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

နှစ်ရက်ကြာကျင်းပပြုလုပ်သည့် စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ တက်ရောက်အားပေးကြပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ဝန်ထမ်း စာတမ်းရှင်များက မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ ဘူမိ၊ ဇလ၊ မြေအောက်ရေနှင့် အခြားဆက်စပ်ကဏ္ဍအသီးသီးမှ စာတမ်း ၂၄ စောင်ကို တင်သွင်းဖတ်ကြားခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါစာတမ်းများနှင့် စာတမ်းဖတ်ပွဲတက်ရောက်လာကြသူများ၏ ဆွေးနွေးချက် ၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးပြုနိုင်ရေး ဦးစီးဌာနအနေဖြင့် စနစ်တကျထည့်သွင်းစီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

MOALI

စာ-၁၆ မှ

ရေကြီးရေလျှံမှုကိုထိုက်အလျောက် ကာကွယ်နိုင်၍ ရေကြီးနှစ်မြုပ်မှုဘေးမှ ကင်းဝေးခြင်း၊ နိုင်ငံတော် ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခြင်းတို့ကြောင့် ဒေသနေ ပြည်သူတို့ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာကာ လူမှုစီးပွားဘဝလည်း တိုးတက်လာပြီဖြစ်၍ ခပေါင်းတမံသည် ဒေသအကျိုးအမှန်တစ်ကယ် သယ်ပိုးဆောင်ရွက်နိုင်သော တမံဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ IWUMD

# အိန္ဒိယပြည်တွင်းဈေးကွက်တွင် လုံလောက်မှုမရှိသည့် ကုလားပဲနှင့် ပဲစင်းငုံတို့၏ ဈေးနှုန်းတည်ငြိမ်ရေးကို စားတော်ပဲတင်သွင်းမှုက အကူအညီဖြစ်

ရုရှားနှင့်ကနေဒါနိုင်ငံတို့မှ စားတော်ပဲ (Yellow Peas) တင်သွင်းမှုသည် ပြီးခဲ့သည့် ခြောက်နှစ်အတွင်း အမြင့်မားဆုံးဖြစ်လာမှုနှင့် အတူ သရေစာလုပ်ငန်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ၊ လမ်းဘေးအစားအစာနှင့် ပဲမျိုးစုံထုတ်လုပ်သည့်လုပ်ငန်းများတွင် အသုံးပြုသည့် ဈေးကြီးသော ပဲအမျိုးအစားများနေရာ၌ အစားထိုးအသုံးပြုလာခြင်းအားဖြင့် ကုလားပဲနှင့် ပဲစင်းငုံများ၏ ပြည်တွင်း ဈေးနှုန်းများတည်ငြိမ်စေရန်အတွက် အထောက်အကူဖြစ်စေခဲ့ကြောင်း The Economic Times သတင်းစာက ဖော်ပြထားသည်။

အိန္ဒိယအစိုးရသည် မီးဖိုချောင်သုံး အခြေခံပဲအမျိုးအစားနှစ်မျိုးဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံများ၏ ဈေးနှုန်းအဆမတန်မြင့်တက်ခဲ့သည့် ပြီးခဲ့သည့်ဒီဇင်ဘာတွင် စားတော်ပဲကို အခွန်လွတ်တင်သွင်းခွင့်ပြုခဲ့ကြောင်း၊ ယင်းကဲ့သို့ခွင့်ပြုခဲ့ခြင်းသည် ဈေးကွက်အတွင်း ပဲမျိုးစုံကို ဈေးနှုန်းသက်သာစွာဖြင့် ပိုမိုရရှိလာသဖြင့် တင်ရှားသည့် အလည့်အပြောင်းတစ်ခု ဖြစ်စေခဲ့ကြောင်း၊ စားတော်ပဲကို ပဲမှုန့်၊ အလုံး၊ ခွဲခြမ်း စသည့်ပုံစံမျိုးစုံဖြင့် နေ့စဉ်စားသုံးကြကြောင်းနှင့် ယင်းကို လမ်းဘေးအစားအစာများတွင်သာမက လျင်မြန်စွာကြီးထွားလျက်ရှိသည့် သရေစာထုတ်ကုန်များတွင်လည်း အဓိကပါဝင်သည့် ပဲအမျိုးအစားတစ်မျိုးဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောကြားထားသည်။

ပြည်ပမှ တင်သွင်းလာသော စားတော်ပဲအမြောက်အမြားသည် မကြာမီရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ စားတော်ပဲဈေးနှုန်းသည် ၁ ကီလိုလျှင် ၄၂ ရူပီးနှင့် လက်ရှိဈေးကွက်ထဲတွင် ဈေး အသက်သာဆုံး ပဲအမျိုးအစားဖြစ်ပါကြောင်း၊



လက်ရှိတွင် တန်ချိန် ၆ သိန်းခန့် တင်သွင်းထားပြီး လာမည့်ဇွန်လမတိုင်မီ တန်ချိန် ၉ သိန်းမှ ၁ သန်းခန့် တင်သွင်းနိုင်မည်ဟု ခန့်မှန်းထားကြောင်းနှင့် စားတော်ပဲသည် ဈေးကွက်အတွင်းရှားပါးနေသော အခြားပဲအမျိုးအစားများ၏ ဝယ်လိုအားကို လျှော့ချရန် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ကူညီပေးခဲ့ကြောင်း Mahara- shtra ပြည်နယ် အခြေစိုက် ပဲမျိုးစုံတင်သွင်းသူ Vivek Agarwal က ပြောကြားသည်။

ပဲစင်းငုံသည် တစ်ကီလိုလျှင် အနည်းဆုံး ရူပီး ၂၀၀ ဖြင့် လက်လီရောင်းချနေသည်မှာ ကြာ မြင့်နေပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ဈေးနှုန်းကြီးမြင့်မှုကြောင့် ဝယ်လိုအားလည်း ကျဆင်းသွားကြောင်း၊ စားတော်ပဲသည် ပဲစင်းငုံအတွက် တိုက်ရိုက်အစားထိုးကုန်စည်မဟုတ်သော်လည်း ပဲစင်းငုံ ဝယ်လိုအားကို သွယ်ဝိုက်သောနည်းဖြင့် လျှော့ပါးစေရန် ကူညီပေးခဲ့ကြောင်း၊ ပဲခွဲစက်ရုံအများအပြားသည်လည်း ၎င်းတို့စက်ရုံများ ဆက်လက်လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အခြားသောပဲ အမျိုးအစားများအစား စားတော်ပဲကိုပြောင်းလဲ အသုံးပြုလာကြကြောင်း၊ အချို့သော ပဲကုန်သည်များသည်လည်း တခြားသော ပဲအမျိုးအစားများအစား စားတော်ပဲဘက်သို့ အာရုံစိုက်လာကြကြောင်း၊ ထိုသို့သော ပြောင်းလဲလာမှုများသည် အခြားသောပဲအမျိုးအစားများအပေါ် သွယ်ဝိုက်၍ ဝယ်လိုအားကျဆင်းစေသည့် အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း ကုန်သည်လုပ်ငန်းရှင် တစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့် မုတ်သုံရာသီ ပြောင်းလဲခြင်းများကြောင့် မိုးရာသီ ကုလားပဲထွက်ရှိမှုနှင့် ပတ် သက်၍ စိုးရိမ်မှုများမြင့်တက်လာခဲ့ပြီးနောက် အိန္ဒိယအစိုးရက အနိမ့်ဆုံးသွင်းကုန်ဈေးနှုန်း (MIP) ကန့် သတ်ချက်ကို ဖယ်ရှားခဲ့သည်။ ထို့အတူ လက်ရှိတွင် စားတော်ပဲတင်သွင်းမှုကို ဧပြီ ၃၀ ရက် အထိ အခွန်ကင်းလွတ်ခွင့်ပြုထားသည်။ လာမည့်ရက်သတ္တပတ်များအတွင်း ကုလားပဲသီးနှံသစ် များ ဈေးကွက်အတွင်းဝင်ရောက်လာမည်ဖြစ်ရာ ဧပြီ ၃၀ ရက်အထိ အခွန်ကင်း လွတ်ခွင့်ဖြင့် တင် သွင်းခွင့်ပြုထားသော စားတော်ပဲအား သက်တမ်းတိုးရန် အစိုးရ၏ဆုံးဖြတ်ချက် အပေါ်မည်ကဲ့သို့ သက်ရောက်မှုရှိမည်ကို စောင့်ကြည့်ရဦးမည်ဟု ပဲလုပ်ငန်းကျွမ်းကျင်သူများက ပြောကြားထားသည်။

အိန္ဒိယအစိုးရသည် မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်နိုင်ရန်အတွက်နည်းလမ်းမျိုးစုံဖော် ထုတ်ဆောင်ရွက်လျက်ရှိပြီး ပြီးခဲ့သည့်နှစ်တွင် စားသောက်ဆိုင်များ၊ ဟိုတယ်များတွင်ပဲစင်းငုံအစား အခြားပဲအမျိုးအစားများကို အစားထိုးအသုံးပြုရန် စည်းရုံးလှုံ့ဆော်

စာ-၁၃ သို့

# ရုရှားသည်တရုတ်နိုင်ငံသို့ ဓာတ်မြေသြဇာ တင်ပို့မှုတွင် ဦးဆောင်သူဖြစ်လာ



၂၀၂၄ ခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီအတွင်း ရုရှားသည် တရုတ်နိုင်ငံသို့ ပိုတက်စီယမ်က လိုရိုက် တန်ချိန် ၈၉၁,၃၀၀ ကို ထောက်ပံ့ပေးခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ် အလားတူကာလ ထက် ၉၄ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း၊ ရုရှားသည် တရုတ်နိုင်ငံသို့ ဓာတ်မြေသြဇာ အများဆုံး တင်သွင်းသူ ဖြစ်လာခဲ့ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)က ထုတ်ပြန်သည့် အချက်အလက်များအရ သိရှိရသည်။

၂၀၂၄ ခုနှစ်၊ ပထမနှစ်လတာအတွက် ရုရှားဓာတ်မြေသြဇာ တင်ပို့မှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၈၅ ဒသမ ၃ သန်းရှိကြောင်း ဖော်ပြထားပါသည်။တရုတ်နိုင်ငံသို့ ပိုတက်စီယမ်ကလိုရိုက် ထောက်ပံ့မှု၏ ဒုတိယနေရာကို ကနေဒါ (တန်ချိန် ၇၁၉,၉၀၀ ဖြင့် ကန်ဒေါ်လာ ၂၂၅ ဒသမ ၁ သန်း)မှ ရရှိ ထားပြီး တတိယနေရာကို ဘီလာရုစ်(တန်ချိန် ၄၄၈၀၀၀ ဖြင့် ကန်ဒေါ်လာ ၁၄၁ ဒသမ ၉ သန်း)မှ ရရှိထားပါသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားသည် တရုတ်နိုင်ငံသို့ ဒုတိယအများဆုံး ပိုတက်စီယမ်ကလိုရိုက် (တန် ချိန် ၃ သန်းဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ) တင်ပို့သူဖြစ်ခဲ့ပြီး ဘီလာရုစ်သည် (တန်ချိန် ၃ ဒသမ ၄ သန်း ဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ) အများဆုံးတင်ပို့သူဖြစ်ခဲ့သည်။

ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov က ရုရှားနှင့် တရုတ်တို့၏ ကုန်သွယ်မှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံမှုများသည် နက်ရှိုင်းစွာ တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး ၂၀၃၀ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ လျာထားချက် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံ အထိ ရောက်ရှိနိုင်စေရန် မျှော်မှန်းထားကြောင်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာတွင် ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားနှင့် တရုတ်တို့၏ အပြန်အလှန်ကုန်သွယ်မှုပမာဏသည် စံချိန်တင်မြှင့်တက်ခဲ့ ပြီး အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၁၁ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

**ခွန်မျိုးသူ**

https://www.gazeta.ru/business/news/2024/03/20/22589197.shtml

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဥရောပအာရှ စီးပွားရေးကော်မရှင် အကြီးစားစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီးနှင့်အဖွဲ့အား တွေ့ဆုံ



နေပြည်တော် ဧပြီ ၈

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ဧပြီ ၈ ရက်နေ့ နံနက်ပိုင်းတွင် ဥရောပအာရှစီးပွားရေး ကော်မရှင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် (H.E. Mr. Sergei Glazzev )နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် တွေ့ဆုံ သည်။

နှစ်ဘက်ဆွေးနွေးရာတွင် ရုရှားနိုင်ငံမှ ထုတ်လုပ်သည့် ဓာတ်မြေသြဇာများကို မြန်မာနိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ရေး နှင့် မြန်မာနိုင်ငံ၏ ဓာတ်မြေသြဇာတင်သွင်းမှု ဆိုင်ရာ လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ ဆန်၊ ကော်ဖီ၊ သစ်သီးဝလံများနှင့် စိုက်ပျိုးရေး ထွက်ကုန်များ၊ ရေထွက်ကုန်များ အပေါ် ဥရောပအာရှ စီးပွားရေးသမဂ္ဂ (EAEU) အဖွဲ့ဝင်နိုင်ငံများ၏ ဈေးကွက်လိုအပ်ချက် နှင့် မြန်မာ-ရုရှား နှစ်နိုင်ငံ အကြား ညှိနှိုင်း ဆောင်ရွက်ထားရှိမှု ၊ ကော်ဖီ ဆီထွက်သီးနှံ အပါအဝင် စိုက်ပျိုး ထုတ်လုပ်ခြင်း ကို မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်မှု အခွင့် အလမ်းများ၊ Myanmar GAP ထုတ်ကုန်တစ်ခုဖြစ်သည့် ကော်ဖီ ကို (EAEU) နိုင်ငံများသို့ တင်ပို့ရောင်းချပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆီထွက်သီးနှံ နှင့် ဝါ သီးနှံ မျိုးကောင်းများ အသုံးပြု နိုင်ရေး ၊ သဘာဝ မြေသြဇာ ထုတ်လုပ်မှု နှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များ၊ အာလူးမျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု နည်းပညာ မျှဝေဖလှယ် ဆောင်ရွက်သွားမည့် အခြေအနေများ ၊ မြန်မာနိုင်ငံ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် နှင့် နည်းပညာပူးပေါင်း ဆောင်ရွက်နိုင်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နှင့် ဥရောပအာရှစီးပွားရေး ကော်မရှင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေး ဂလေးဇီးယပ် (H.E. Mr. Sergei Glazzev )တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်းသတင်းရရှိသည်။

MOALI

# မတ္တရာမြို့နယ်တွင် လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

မတ္တရာ ဧပြီ ၁၁

**စက်**မှုလယ်ယာဦးစီးဌာနနှင့်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဧပြီ ၁၁ ရက်နေ့တွင် မန္တလေး တိုင်းဒေသကြီးမတ္တရာမြို့နယ် လက္ကောင်းကြီးကျေးရွာရှိ တောင်သူ ဦးဆန်းဝင်း ၏ လယ်မြေတွင် လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက် ပျိုးခြင်း ကွင်းသရုပ်ပြပွဲအား ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါသရုပ်ပြပွဲသို့ အောင်မြေသာစံခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် မတ္တရာမြို့နယ်/မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တောင်သူ ၃၀ ဦးခန့် တက်ရောက်ခဲ့ပြီး၊တက်ရောက်လာသည့် တောင်သူများမှ စိတ်ပါဝင်စားစွာဖြင့် မေးမြန်းဆွေးနွေးခြင်း တောင်သူများကိုယ်တိုင်လည်း လက်တွေ့ဝင်ရောက်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအင်ဂျင်ပါဝါသုံး ၆ တန်းသွား ကောက်စိုက်စက်သည် တန်းကြား အကွာအဝေး ၂၃၀ မီလီမီတာ၊ ပင်ကြားအကွာအဝေး ၁၀၀-၁၈၀ မီလီမီတာ စိုက်ပျိုးနိုင်ပြီး တစ်ဧကပြီးစီးရန်ကြာချိန်မှာ တစ်နာရီခွဲမှ နှစ်နာရီအတွင်း ဖြစ်ကြောင်း သိရသည်။ တက်ရောက်လာသူတောင် သူများမှ ကောက်ပင်ဝင်ဆန့်မှုနှင့် တစ်ဧကပြီးစီးရန်ကြာချိန်တို့ကို လက်တွေ့စောင့်ကြည့်စိုက်ပျိုးခဲ့ပြီး အဆိုပါသရုပ်ပြပွဲအား စိတ်ဝင်စားစွာ ပူးပေါင်းခဲ့ကြကြောင်း သတင်းရရှိသည်။

AMD



# ဂေဟာစနစ်ကိုဖျက်ဆီးနိုင်သော စုပ်ခွက်ငါးများ







ပင်လယ်ပြာ(ငါးဦးစီး)



စုပ်ခွက်ငါးကို အင်္ဂလိပ်လို 'sucker mouth catfish' ဟုခေါ်ဆိုကြပြီး သိပ္ပံအမည်မှာ "Hypo-stomus Plecostomus'"ဟု အမည်တွင်ပြီး မြန်မာလို 'ငါးခူမျိုးစိတ်' တစ်မျိုးဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ၏ဒေသ တစ်ချို့တွင် စုပ်ခွက်ငါးကို 'မြွေပွေးငါးခူ' ဟုလည်း ခေါ်ကြပါသေးသည်။ ထိုသာမက'သန့်ရှင်းရေးငါး၊ မှန်ကပ်ငါး၊ ချိုးစားငါး၊သံချပ်ကာငါး' ဟူ၍လည်း နာမည်အမျိုးမျိုးခေါ်ကြပါသည်။ ပလီကို(plecos)ဟုလည်း လူသိများကြပြီး ရေညှိရေမှော်များကို စားသောကြောင့် အလှမွေးငါးကန်များကို သန့်ရှင်းပေးသောငါးဟုလည်း ထင်ရှားသည်။

**ပုံသဏ္ဌာန်နှင့် မူရင်းဒေသ**

စုပ်ခွက်ငါး၏ ပုံသဏ္ဌာန်မှာ စုပ်ခွက်ပုံစံပါးစပ်၊ သံချပ်ကာပုံစံပါ ငါးခူမျိုးစိတ်တစ်မျိုးဖြစ်ပြီး အပူပိုင်းဒေသ Family Loricariidae မှ ဆင်းသက်လာသော စုပ်ခွက်ငါးများကို အလှမွေးငါးအဖြစ် စီးပွားဖြစ်မွေးမြူကြသည်ကို တွေ့ရှိရသည်။ Plecos သို့မဟုတ် Algae eater အမည်ဖြင့် မူရင်းဒေသ တောင်အမေရိကနိုင်ငံမှ အခြားနိုင်ငံများသို့ လူကြိုက်အများဆုံး ရေချိုအလှမွေးငါးအဖြစ် ရောင်းဝယ်ခဲ့ကြပါသည်။

မျိုးရင်းအကြီးဆုံးဖြစ်သည့် Loricariidae(လူသိများသော သံချပ်ကာငါး သို့မဟုတ် စုပ်ခွက်ငါး)၏ အမည်ခံမျိုးစိတ် ၈၂၅ မျိုးခန့်တွင် ယနေ့အထိ စာရင်းဝင် ၇၀၉ ခု ရှိပါသည်။ တောင်အမေရိကနိုင်ငံရှိ မျိုးရင်း၏ဝမ်းဘက်မျက်နှာပြင်သည်အမြင့်ထက်ကျယ်ပြန့်ပြီး ယင်းတို့၏ သံချပ်ကာကဲ့သို့ မာကြောသောအပေါ်ယံလွှာတစ်ခုလုံးသည် သံချပ်ကာသုံးတန်းသွား ကန့်လန့်ပုံစံဖြင့် ထူးခြားသောလက္ခဏာများကို တွေ့ရသည်။မျိုးစိတ်အားလုံးသည် အော်ဂဲနစ်ပစ္စည်းများနှင့် မြေအောက်ကြမ်းပြင်အလွှာမှ ရေညှိများ စုပ်ယူရန်အတွက် ကျယ်ဝန်းသော ပါးစပ်ပါရှိခြင်းကြောင့် စုပ်ခွက်ငါးအဖြစ်အမည်ပေးခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။

**ခန္ဓာဗေဒအချက်အလက်များ**

စုပ်ခွက်ငါး၏ ခန္ဓာကိုယ်သည် ရှည်မျောမျောရှိပြီး ကြမ်းတမ်းမာကျောသည့် အကြေးခွံများနှင့် ဖုံးအုပ်ထားသည်။ သံချပ်ဝပ်တန်ဆာကဲ့ သို့မာကျောသောကြေးခွံများကြောင့်လည်း 'ချပ်ဝပ်ငါးခူ' ဟုလည်းခေါ်ကြပါသေးသည်။ ထို့ပြင် စုပ်ခွက်ငါးများ၏ ကျောပေါ်တွင်ရှိသောဆူးတောင်မှာ မာကျောရုံသာမကပဲ အဆိပ်လည်း ရှိပါသည်။ သို့သော်လည်း လူ့အသက်အန္တရာယ်ကို ထိခိုက်သည်အထိတော့ အန္တရာယ် မများကြပေ။

စုပ်ခွက်ငါးများ၏ဝမ်းဗိုက်သည် ဖြူလွလွအရောင်ရှိပြီး ကျန်ခန္ဓာကိုယ်တစ်ခုလုံးသည် အညိုရင့်ရင့်တွင် အဖြူအစက်အနက်စက်လေးများ ရှိတတ်ကြသည်။ အဖြူရောင်၊ လိမ္မော်ရောင်၊ ရွှေအိုရောင်စသဖြင့် အရောင်ကွဲအနေနှင့်လည်း တွေ့မြင်နိုင်ပါသေးသည်။ ထို့အပြင် ပတ်ဝန်းကျင်အနေအထားပေါ်မူတည်ပြီး အရောင်ပြောင်းလဲနိုင်စွမ်းလည်း ရှိကြပါသည်။

စုပ်ခွက်ငါး၏ပါးစပ်သည် ကြမ်းပြင်နှင့် တစ်ပြေးညီရှိနေပြီး ရေအောက်ကြမ်းပြင်ရှိ ရေညှိ၊ ရေမှော်များကို စုပ်ယူစားသောက်လေ့ရှိကြပါသည်။ မှန်ကဲ့သို့ချောမွေ့နေသော မျက်နှာပြင်မျိုးတွင်လည်း ယင်းငါးများသည် သေသေချာချာတွယ်ကပ်ပြီးနေနိုင်စွမ်း ရှိကြပါသည်။

**နေထိုင်မှု**

စုပ်ခွက်ငါးသည် ရေအရည်အသွေးအမျိုးမျိုးပေါ်တွင် ခံနိုင်ရည်ရှိပြီး ရေသွက်တွင် နေထိုင်ရန် နှစ်သက်ကြသော်လည်း ရေစေးသောနေရာများတွင်လည်း အလိုက်သင့်ပြောင်းလဲနေထိုင်နိုင်ကြပါသည်။အက်စစ်ဆန်သော ရေနှင့်ထုံးဓာတ်များသော (pH 5.5 to 8.0)ရေတွင် အသက်ရှင်နေထိုင်နိုင်သကဲ့သို့ အငန်နှုန်း အနည်းငယ်ရှိသော နေရာများတွင်လည်း နေထိုင်နိုင်ကြသည်။

ဤငါးများ၏ အစာချေလမ်းကြောင်းလုပ်ငန်းစဥ်သည် အသက်ရှူအင်္ဂါတစ်ခုကဲ့သို့ တည်ရှိပြီး ညစ်ညမ်းသောပတ်ဝန်းကျင်တွင် ခံနိုင်စွမ်းရှိပြီး အသက်ရှင်နိုင်ကြသည်။ စုပ်ခွက်ငါးသည်အူနံရံများမှတစ်ဆင့် အောက်ဆီဂျင်ထုတ်ယူရှူသွင်းနိုင်၍ စိုစွတ်သောတွင်းများနှင့် ရေမစီးသော ခြောက်သွေ့သည့် နေရာများ၌ပင် အသက်ရှင်နေထိုင်နိုင်ကြသည်။ ထို့အပြင် ခန္ဓာကိုယ် ဇီဝဖြစ်စဥ်ကို ထိန်းညှိပေးသကဲ့သို့ အောက်ဆီဂျင်အလုံအလောက်မရရှိနိုင်သောနေရာ သို့မဟုတ် မိုးခေါင်သောကာလအတွင်း ဆိုးရွားသော ပတ်ဝန်းကျင်အခြေအနေများတွင်လည်း ခံနိုင်ရည်ရှိကြသည်။Loricariidae ငါးများ၏ ဇီဝကမ္မသည် အခြားခံနိုင်ရည်နည်းပါး သော ဒေသရင်း/တိုင်းရင်းငါးများထက် အားသာချက်တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းရှိ နေရာများတွင် အခြေချနေထိုင်ရန်အတွက် အခွင့်အရေး ကောင်းတစ်ခု ဖြစ်သည်။

**မျိုးပွားခြင်းနှင့် အစာစားခြင်း**

စုပ်ခွက်ငါးမများသည် မျိုးပွားချိန်တွင် ရေအောက်ကြမ်းပြင်ကို ကျင်းအဖြစ်တူးကာ ဥ ချတတ်ကြပြီး သားငယ်များ အား ထိန်းသိမ်းစောင့်ရှောက် တတ်ပါသည်။ စုပ်ခွက်ငါးမတစ်ကောင်သည် ဥတစ်ကြိမ်ဥလျှင် ဥပေါင်း ၂၀၀၀ ခန့် ဥ ဥလေ့ရှိပြီး စုပ်ခွက်ငါးများ၏ သက်တမ်းမှာ ၂၀-၃၀ နှစ်အထိ အသက်ရှည်ကြပါသည်။

စုပ်ခွက်ငါးများသည် ရေညှိ၊ ရေမှော်ပင်၊ ကြာပင်နှင့် ကန်စွန်းရွက်ကဲ့သို့အရွက်များကိုလည်းနှစ်ခြိုက်စွာ စားသုံးလေ့ရှိပါသည်။ ထို့ပြင် အခြားရေသတ္တဝါငယ်လေးများ၊ အင်းဆက်သားလောင်းများနှင့် ငါးသားလောင်းလေးများကိုလည်း စားသောက်ပစ်ကြပါသည်။ အကျိအချွဲများကို အလွန်နှစ်သက်သဖြင့် အခြားငါးများ၏ခန္ဓာကိုယ်တွင် ကပ်နေသည့် အကျိအချွဲများကိုလည်း အတင်းတွယ်ကပ်ပြီး စုပ်ယူစားသောက်တတ်ကြသဖြင့် စုပ်ခွက်ငါး၏ စုပ်အားကြောင့် တခြားငါးများမှာ ဒဏ်ရာအနာတရဖြစ်ကြသလို စူးရှမာကျောသောဆူးတောင်များ၊ အကြေးခွံများနှင့်ထိုးမိသည့်အတွက်လည်း ဒဏ်ရာရတတ်ကြပါသည်။

စုပ်ခွက်ငါးသည် အရွယ်အစားအားဖြင့် အထီး ၁၆ လက်မ၊အမ ၁၈ လက်မခန့်ရှိပြီး သဘာဝရေပြင်တွင် (လက်မ ၂၀-၂၄) အထိ ကြီးထွားနိုင်ကြသည်။ အလေးချိန် ၃ပေါင်အထိ ရှိနိုင်ပါသည်။

**စုပ်ခွက်ငါး မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်း အကြောင်းအရင်း**

စုပ်ခွက်ငါးများသည် မြန်မာ့ဒေသရင်းမျိုးစိတ်များ မဟုတ်ဘဲ ပြည်ပမှ တင်သွင်းလာသော မျိုးစိတ်များဖြစ်သည်။ အဓိကအားဖြင့် အလှမွေးငါးလုပ်ငန်းရှင်များသည်ပြည်ပနိုင်ငံများမှစုပ်ခွက်ငါးမျိုးစိတ်များအား ပြည်တွင်းအလှမွေးငါးမြူသူများသို့ တစ်ဆင့်ရောင်းချပြီး မွေးမြူသူများထံတွင် အကောင်ကြီး ဖြစ်လာပြီး ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိတော့ဘဲ နီးစပ်ရာမြစ်ချောင်းများအတွင်း စွန့်ပစ်ခြင်းကြောင့် လည်းကောင်း၊ ဘာသာရေးဓလေ့ထုံးစံအရ ငါးလွှတ်ခြင်းများတွင် ယင်းငါးများအား မြစ်ချောင်းများ၊ရေကန်များအတွင်း လွှတ်ချမှုတို့ကြောင့် မြန်မာနိုင်ငံအနှံ့အပြားသို့ ရောက်ရှိလာခြင်းဖြစ်သည်။

**စုပ်ခွက်ငါးနှင့် ဂေဟာစနစ်**

မြန်မာနိုင်ငံတွင် ၂-၃ နှစ်ကြာမှ တစ်ကြိမ် ရေခန်းငါးထုတ်ဖော်ခြင်း၊

စာ - ၁၃ သို့



# လေ့ကျင့်ရေးသင်တန်းကျောင်းမှသည် သက်မွေးပညာသိပ္ပံဆီသို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်တည်ရှိပြီး အင်ဒို-ပစိဖိတ်ဒေသ၏ အချက်အချာနေရာတစ်ခုလည်း ဖြစ်ပါသည်။ နိုင်ငံအတွင်း မြောက်မှတောင်သို့ သွယ်တန်း နေသည့် ရခိုင်ရိုးမ၊ ပဲခူးရိုးမ၊ ချင်းတောင်တန်းနှင့် တနင်္သာရီတောင်တန်းတို့အပြင် ရှမ်းကုန်းပြင်မြင့်ဟူ၍ တောင်ကုန်းတောင်တန်းဒေသများ တည်ရှိပါသည်။ ယင်းတောင်တန်းတို့နှင့်အပြိုင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့် သံလွင်မြစ်ဟူသော ရေချိုမြစ်ကြီးများကလည်း မြောက်မှတောင်သို့ စီးဆင်းလျက်ရှိရာ ရေချိုအရင်းအမြစ်ပေါများသော နိုင်ငံတစ်ခုလည်း ဖြစ်ပါသည်။ နိုင်ငံ၏အလယ်တွင် မြေဆီသြဇာ ကောင်းမွန်သည့် မြေပြန့်လွင်ပြင်များရှိပြီး တောင်ဘက်စွန်းတွင် မြစ်ကြီးများက သယ်ဆောင်လာသည့် နုန်းမြေများကို ပို့ချရာမှ ဖြစ်ပေါ်လာသော အလွန်မြေသြဇာကောင်းမွန်သည့် မြစ်ဝကျွန်းပေါ် လွင်ပြင်ကြီး တည်ရှိနေပါသည်။ ရေချိုမြစ်ကြီးများနှင့် ဘင်္ဂလားပင်လယ်အော်ကို ဖြတ်သန်းတိုက်ခတ်လာသည့် အနောက်တောင်မုတ်သုံလေကြောင့် ရရှိသည့် မိုးရေကို အမှီပြုပြီး ယင်းမြေပြန့်လွင်ပြင်များတွင် စိုက်ပျိုးရေးအခြေခံဖြင့် နိုင်ငံတော်တည်ထောင်လာခဲ့ကြပါသည်။

ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်ခု ဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ကြ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကအသက်မွေးဝမ်းကြောင်းအဖြစ် လုပ်ကိုင်လျက်ရှိကြပါသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် ၃ ရပ်တွင် "တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဟူသည့် ဦးတည်ချက်တစ်ရပ်ကိုလည်း ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် မြေကိုအခြေခံ၍ ဆောင်ရွက်ကြရသည့် လုပ်ငန်းများ ဖြစ်ရာ ယင်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သော မြေယာအုပ်ချုပ်မှုစနစ်နှင့် မြေယာစီမံခန့်ခွဲမှုစနစ်တစ်ရပ်ရှိရန် လိုအပ်ပါသည်။ ယနေ့ နိုင်ငံတော်တွင် ယေဘူယျအားဖြင့် မြေယာအုပ်ချုပ်ရေးနှင့် မြေယာစီမံခန့်ခွဲရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေသော ဝန်ကြီးဌာန ၃ ခု ရှိပါသည်။ ယင်းတို့မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန တို့ဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့မြေ၊ ရွာမြေ၊ စားကျက်မြေ၊ သာသနာမြေ အစရှိသည့် စိုက်ပျိုးခြင်းမပြုနိုင်သော မြေများကို စီမံခန့်ခွဲလျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသည် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီတို့ကို ဦးဆောင်ဖွဲ့စည်း၍ လယ်ယာမြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စီမံခန့်ခွဲလျက်ရှိပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် နိုင်ငံတစ်ဝှမ်းရှိ သစ်တောမြေများကို စီမံခန့်ခွဲလျက်ရှိပါသည်။

စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနသည် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းကော်မတီများ၏ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ပြီး လယ်ယာမြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲရေးလုပ်ငန်းများကို စီမံခန့်ခွဲရာတွင် ဥပဒေနှင့် အညီ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသည် တစ်နိုင်ငံလုံး ၏ မြေအသုံးချမှုစာရင်းအင်းနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများကိုလည်း ကောက်ယူပြုစု ထိန်းသိမ်းထုတ်ပြန်ရသည့် ဌာနတစ်ခုလည်း ဖြစ်ပါသည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသည် လယ်ယာမြေနှင့်မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စီမံခန့်ခွဲရာ၌လည်းကောင်း၊ မြေယာမှတ်တမ်းများကို ပြုစုထိန်းသိမ်းထုတ်ပြန်ရာ၌ လည်းကောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ ကောက်ယူပြုစုထုတ်ပြန်ရာ၌လည်းကောင်း၊ အသေး စိတ်တိုင်းတာထားရှိသည့် ကွက်စိတ်မြေပုံများကို အခြေခံဆောင်ရွက်လျက်ရှိရာ ဌာနဝန်ထမ်း များအနေဖြင့် မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေယာနှင့်သက်ဆိုင်သည့် ဥပဒေများကို ကျွမ်းကျင်နားလည်ရန်လိုအပ်သကဲ့သို့ မြေတိုင်းတာ၍ မြေပုံရေးဆွဲထုတ်လုပ်ခြင်း အတတ်ပညာ များကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများအား မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပါဝင်ဆောင်ရွက်နိုင်စေရန်၊ မြေတိုင်းတာ၍ မြေပုံများရေးဆွဲ ထုတ်လုပ်တတ်စေရန်နှင့် ဌာန၏လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ "ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာ ပေးရေးသင်တန်းကျောင်း" ကို ဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာအုပ်စု၊ ကွင်းအမှတ် ၇၀၃၊ တိုက်ကြီးတောင်ကွင်း၊ ရန်ကုန်-ပြည် ကားလမ်းမကြီး၏ မိုင်တိုင်အမှတ်-၄၅ တွင်တည်ရှိပြီး အကျယ်အဝန်းမှာ ၁၀၅.၁၆ ဧက ဖြစ်သည်။ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းကို ၁၉၉၅ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက တည်ထောင်ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။ ထို့ကြောင့် ၁၈.၉.၁၉၉၅ ရက်တွင် မိတ္ထီလာမြို့၊ စက်မှုလယ်ယာသင်တန်းကျောင်း၌ လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်-၁ ကို ဖွင့်လှစ်ခဲ့ပြီး အမှတ်စဉ်-၂ မှ ၆ အထိကို ပျဉ်းမနားမြို့၊ ရေဆင်းစိုက်ပျိုးရေးသုတေသနတွင် ဆက်လက်ဖွင့်လှစ်ခဲ့ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ၁၉၉၇ ခုနှစ်တွင် စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးအထက်တန်းကျောင်း၊ တိုက်ကြီးမြို့ကို လွှဲပြောင်းရရှိခဲ့သဖြင့် ယခုကဲ့သို့ လေ့ကျင့်ရေး သင်တန်းကျောင်းတစ်ခုအဖြစ် တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းသင်တန်းကျောင်းမှ ဖွင့်လှစ်သင်ကြားပေးနေသော သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ပုံမှန်သင်တန်းများ**

(၁) ဦးစီးအရာရှိမြေတိုင်းသင်တန်း ( ၄၈ ပတ်)
(၂) တန်းမြင့်မြေတိုင်းတာခြင်းနှင့်မြေစာရင်းသင်တန်း ( ၂၂ ပတ်)
(၃) လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့်မြေစာရင်းသင်တန်း (၂၂ ပတ်)

( ခ) **လုပ်ငန်းလိုအပ်ချက်အရ ဖွင့်လှစ်သည့်သင်တန်းများ**

(၁) လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းမွမ်းမံသင်တန်း
(၂) ရုံးဝန်ထမ်းများ လုပ်ငန်းခွင်မွမ်းမံသင်တန်း
(၃) အခြေခံကွန်ပျူတာသင်တန်းနှင့် GPS Short Course
(၄) လက်ထောက်ညွှန်ကြားရေးမှူးများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်း
(၅)မြို့နယ်ဦးစီးဌာနမှူး လုပ်ငန်းစွမ်းရည်မြှင့်သင်တန်း
(၆) ဒုတိယဦးစီးမှူးများ လုပ်ငန်းစွမ်းရည်မြှင့်မွမ်းမံသင်တန်း
(၇) အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း
(၈) Workshop on Settlement Activities, One of DALMS' Functions
(၉) Training Course on Town Land Survey
(၁၀)Training Course on Aerial Photo Survey and Mapping using Drone

စာ-၁၅ သို့

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၂)



ကွင်းစလန်တက္ကသိုလ်၊ ဩစတေးလျနိုင်ငံ

ဒေါက်တာမျိုးကြွယ်

(ယခင်အပတ်မှအဆက်)

နိုင်ငံတကာတက္ကသိုလ်များတွင် အဆင့်မြင့်စိုက်ပျိုးမွေးမြူရေးပညာ သင်ကြား သုတေသနပြုနေပုံများကို ဗဟုသုတအဖြစ် ရေးသားဆွေးနွေး သွားပါမည်။

**(က) ကွင်းစလန်တက္ကသိုလ်၊ ဩစတေးလျနိုင်ငံ (The University of Queensland, Australia)**

ကွင်းစလန်တက္ကသိုလ်သည် ၁၉၁၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကျွန်တော် ၁၉၈၇ မှ ၁၉၈၉ ခုနှစ်အထိ မဟာစိုက်ပျိုးရေးသိပ္ပံပညာ၊ အပူပိုင်းဒေသသီးနှံသိပ္ပံ - အထူးပြု (M.Agr.St. – Tropical Crop Science) ပညာဆည်းပူးခဲ့ရသောတက္ကသိုလ် ဖြစ်ပါသည်။

ကွင်းစလန်ပြည်နယ်၊ ဘရစ်စဘိန်းမြို့ (Brisbane, Queensland State) တွင်ရှိ၍ နယ်မြေ (Campus) များစွာရှိပြီး မူလတက္ကသိုလ်ကြီးကတော့ စိန့်လူးရှားနယ်မြေ (St. Lucia Campus) တွင် ရှိပါသည်။ တက္ကသိုလ်ကြီးမှာ ကျွန်တော်တို့နိုင်ငံ ၁၉၆၂ ခုနှစ်မတိုင်ခင်က ရန်ကုန်တက္ကသိုလ် (The University of Yangon) ကဲ့သို့ ဘာသာရပ်ပေါင်းစုံသင်ကြားပေးနေသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်ကြီး (Autonomous, Comprehensive University with Good Reputation) ဖြစ်ပါသည်။

အဓိကနယ်မြေ ၃ ခု - စိန့်လူးရှားနယ်မြေ (St. Lucia Campus/Main Campus) ဘရစ် စဘိန်းမြို့ပေါ်တွင်ရှိပြီး မဟာဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့ရုံးခန်းများရှိရာ အဓိက နယ်မြေဖြစ်ပါသည်)၊ ဂတ်တန်နယ်မြေ (Gatton Campus) ယခင်ဂတ်တန်စိုက်ပျိုးရေး ကောလိပ်ကို ကွင်းစလန်တက္ကသိုလ်နှင့် ပူးပေါင်းလိုက်ခြင်းဖြစ်ပါသည်၊ စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူကုသရေး မဟာဌာနများ (Merging Gatton Agricultural College and UQ) နှင့် သုတေသနစိုက်ကွင်း အပါအဝင် ၁၀၆၈-ဟက်တာ ရှိပါသည်၊ တက္ကသိုလ်ကြီးနှင့် ၈၀-ကီလိုမီတာ (မိုင် ၅၀-ခန့်) ခန့်ဝေးပါသည်၊ ဟားစတန်နယ်မြေ (Herston Campus) ကျန်းမာရေး၊ ဆေးပညာဆိုင်ရာ မဟာဌာနများ ရှိပါသည်၊ ကွင်းစလန်တက္ကသိုလ်၏ စုစု ပေါင်းဧရိယာ ၁၆၇၀ ဟက်တာ (ဧက ၄၀၀၀ ကျော်) ရှိပါသည်။ စုစုပေါင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၈ ဘီလီယံ(US$ 2.38 Billion) နှင့် သုတေသန အသုံး စရိတ် ဒေါ်လာ ၄၇၅ မီလီယံ (475 Million$) ရှိပါသည်။

ရန်ကုန်တက္ကသိုလ်ကတော့ ၁၉၆၄ ခုနှစ်နောက်ပိုင်း မဟာဌာနများစွာ (Faculties) သီးခြားခွဲထွက်လျက် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် (Rangoon Arts and Science University - RASU)(နောက်တော့ ရန်ကုန်တက္ကသိုလ် ပြန်ဖြစ်) ဖြစ်လာ



မူလအဆောက်အဦ၊ ဂက်တန်နယ်မြေ

ပါသည်။ သို့သော် ၁၉၆၂ ခုနှစ်မတိုင်မီ တက္ကသိုလ်ကိုတော့ မမီတော့ပါ။ ကျွန်တော်တို့ ကျောင်းတက်စဉ် ၁၉၈၇ ခုနှစ်လောက်တုန်းကတော့ စိုက်ပျိုးမွေးမြူရေးပညာ မဟာဌာန (Faculty of Agricultural Science) ရှိပါသည်။ အဲဒီအောက်မှာပဲ စိုက်ပျိုးရေးတက္ကသိုလ်၊ ကိမိလဗေဒဌာနက ဆရာကြီး ဒေါက်တာမြင့်သောင်း၊ ဦးရန်လင်း၊ ဒေါက်တာအောင်ကြည်၊ ဒေါ်ဝင်း ဝင်းမြင့်တို့ တက်ရောက်ခဲ့သည့် ကိမိလဗေဒဌာန (Department of Entomology) အကြီးကြီး ရှိပါသည်။

ယခုတော့ အဲဒီဌာနလည်း သတ္တဗေဒဌာနနှင့် ပေါင်းသွားပြီး ကျွန်တော်တို့ စိုက်ပျိုးရေးမဟာဌာနကတော့ သိပ္ပံမဟာဌာန (Faculty of Science) အောက်မှာ စိုက်ပျိုးရေးနှင့် အစားအသောက်ဆိုင်ရာ အဆင့်မြင့်ကျောင်း (School of Agriculture and Food) ဖြစ်သွားပါပြီ။ ဗဟိုဦးစီးစနစ် (Centralized-Control System) မဟုတ်ဘဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ စီမံခန့်ခွဲခွင့်ရတက္ကသိုလ် (Autonomous University) ဖြစ်၍ ခေတ်၊ စနစ်လိုအပ်ချက်အရ နှစ်စဉ်နှစ်တိုင်း မလိုသည့်ဘာသာများဖြုတ်၊ ပေါင်းသင့်တာပေါင်း၊ လိုအပ်သည့်ဘာသာများ အသစ်ထည့် လိုတိုး၊ ပိုလျှော့ လုပ်ဆောင်ခြင်း ဖြစ်ပါသည်။ ယခင်က ဂက်တန်စိုက်ပျိုးရေးကောလိပ် (Gatton Agriculture College - ကျွန်တော်တို့ဆီက ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကဲ့သို့ပါ) က သီးခြားဖြစ်ပြီး ယခုတော့ ကွင်းစလန်တက္ကသိုလ်၏ ဂက်တန်နယ်မြေ (Gatton Campus) ဖြစ်သွားပြီး စိုက်ပျိုးမွေးမြူရေးပညာ (Agriculture)၊ တိရစ္ဆာန်ကုသရေးပညာ (Veterinary Science) များ ဘွဲ့လွန်၊ ဘွဲ့ကြိုသင်ကြားပေးရာနယ်မြေ ဖြစ်သွားပါပြီ။

ကျွန်တော်တို့ခေတ်တုန်းက ကျွန်တော် မဟာသိပ္ပံသုတေသနအတွက် မြေပဲစိုက်ပျိုးခဲ့ရာ မြေနီပင်လယ်အော်သုတေသနစိုက်ကွင်း (Red Land Bay Research Station)၊ စားကျက်သီးနှံပင်များ သုတေသနလုပ်ရာ ဝါပင်များတောင် သုတေသနစိုက်ကွင်း (Mt. Cotton Research Station) တို့မှာ မလိုအပ်တော့သဖြင့် တက္ကသိုလ်ရန်ပုံငွေအတွက် ရောင်းပစ်လိုက်ပြီဟု ကျွန်တော် ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် ဩစတေးလျ အပြည်ပြည်ဆိုင်ရာ သုတေသနစီမံကိန်း (Australian Centre for International Agri-cultural Research – ACIAR Project) နှင့် ကွင်းစလန်တက္ကသိုလ်၊နှစ်ပတ်လည်နေ့ (The University of Queensland Anniversary) များသို့ ဖိတ်ကြားခံရသဖြင့် သွားရောက်ခဲ့ရာတွင် သိရှိခဲ့ရပါသည်။

၁၉၈၅-၁၉၈၈ ခုနှစ်များက နိုင်ငံတကာ ကျောင်းသား များအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဘွဲ့လွန် ပညာ သင်တန်းများ ခေါ်ယူခဲ့ရာတွင်..

(က) အပူပိုင်းဆိုင်ရာ လယ်ယာသီးနှံသိပ္ပံ (Tropical Crop Science) ကျွန်တော်တက်ရောက်ခွင့်ရခဲ့ပါသည်၊

(ခ) အပူပိုင်းဆိုင်ရာ စားကျက်သီးနှံသိပ္ပံ (Tropical Pasture Science) ယခင်စိုက်ပျိုးမွေးမြူရေး ကော်ပိုရေးရှင်းက ဦးစိုးနိုင်၊ ဦးကိုကိုတို့ တက်ရောက်ခဲ့သည်ဟု သိရပါသည်၊

(ဂ) အပူပိုင်းဆိုင်ရာ ဥယျာဉ်ခြံသီးနှံသိပ္ပံ (Tropical Horticultural Science) မြန်မာနိုင်ငံမှ ဘယ်သူမျှမတက်ရောက်ခဲ့ရပါ (ကျွန်တော်မသိတာလည်းဖြစ်နိုင်ပါသည်)၊

(ဃ) အပူပိုင်းဆိုင်ရာ တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေးပညာ (Tropical Animal Production) ဘယ်သူမျှ မတက်ရောက်ခဲ့ရပါ၊ ဖိလစ်ပိုင်နိုင်ငံမှသူငယ်ချင်းများစွာ တက်ရောက်ခဲ့ပါသည်၊

(င) စိုက်ပျိုးစီးပွားရေးပညာ (Agricultural Economics) ကျွန်တော်တို့တက္ကသိုလ်တွင် တက်ရောက်ခဲ့သူ မရှိပါ၊ အာမီဒေးလ်မြို့ နယူးအင်္ဂလန် တက္ကသိုလ် (The University of New England, Armidale) တွင်တော့ ဦးဘွန်သိန်း၊ ဒေါ်ချိုချိုဝင်း၊ ဒေါက်တာဒေါ်လီကျော်တို့ တက်ရောက်ခဲ့ပါသည်၊

(ဆက်လက်ဖော်ပြပါမည်)



# ရန်ကုန်ဈေးကွက်

**အေးသန္တာဝင်း**

## ဆန်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင်ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၀၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၉၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၉၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၇၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၆၀၀၀ကျပ်နှုန်းဖြင့် လည်းကောင်း၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၇၁၀၀၀ ကျပ်နှင့်အောက်စတစ်တင်းခွဲ တစ်အိတ်လျှင် ၇၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်းအသီးသီး ရောင်းဝယ်လျက် ရှိကြောင်းသိရသည်။ ဖော်ပြပါ ဆန်ဈေးနှုန်း များမှ မတ်လ ပထမအပတ်မှ ဧပြီလ ဒုတိယပတ်တိုင်အောင် များစွာ ပြောင်းလဲမှုမရှိဘဲ တည်ရှိနေခဲ့ပြီး ဧည့်မထဆန်တစ်မျိုးသာလျှင် အကျဘက်သို့ ဦးတည်လာခဲ့ခြင်းဖြစ်သည်။ မတ်လ စတုတ္ထပတ်တွင် ဧည့်မထဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၉၅၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၉၀၀၀ ကျပ်နှုန်းဟုဖော်ပြပါရှိပြီး ဧပြီလ၏ ပထမပတ်နှင့် ဒုတိယပတ်များတွင် ဧည့်မထဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၇၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၆၀၀၀ ကျပ်နှုန်းသို့ ရောက်ရှိ ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ နွေစပါးသစ်ပေါ်ချိန်ဖြစ်၍ ရေဝတီတိုင်းနှင့် ပဲခူးတိုင်းအရှေ့ဘက် ဒေသများမှ နွေစပါးအချို့ ဈေးကွက်သို့ ဝင်ရောက်မှုရှိလာခြင်းနှင့် ပြည်ပတင်ပို့ ဝယ်လက်များမှ ဈေးနှိမ့်ဝယ်ယူမှုရှိခြင်းတို့ကြောင့် ဧည့်မထဆန်ဈေးနှုန်းများ ယခုကဲ့သို့ အနည်းငယ် ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ကျန်ဆန်အမျိုးအစားများ၏ ဈေးနှုန်းများမှာ ယခင်လနည်းတူ အမြင့်ဈေးတွင် တည်ငြိမ်နေသည်။ ပြင်ပရှိ လက်လီဈေးကွက်တွင်မူ ဖော်ပြပါဆန်ဈေးနှုန်းများထက် ဆန်တစ်အိတ်လျှင် ကျပ်ငွေ ၁၀၀၀၀ မှ ၅၀၀၀၀ကျပ်ခန့် အထိ ဆန်အမျိုးအစားပေါ်မူတည်၍ ဈေးမြင့်ကွာဟလျက်ရှိသည်။ ပြင်ပရှိလက်လီ ဈေးကွက်တွင် ဈေးနှုန်းအနိမ့်ဆုံး ဆန်တစ်ပြည်လျှင် ၃၅၀၀ ကျပ်ဝန်းကျင်ရှိပြီး ဈေးနှုန်းအမြင့်ဆုံး ဆန်တစ်ပြည်လျှင် ၈၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။ ရန်ကုန်တိုင်းအတွင်းရှိ စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် ဆန်ဝယ်ယူစားသုံးနိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်း မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၈ မြို့နယ်ရှိ အသင်းဝင် ဆန်လက်လီဆိုင် ၅၈ ဆိုင်တွင် ဧည့်မထဆန် ၁ ပြည်လျှင် ၃၃၀၀ ကျပ်နှုန်းဖြင့် ၁၆-၂-၂၀၂၄ နေ့မှ စတင်ကာ အပတ်စဉ်(သောကြာ၊ စနေ၊ တနင်္ဂနွေ)နေ့များတွင် ဆန်ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်သွင်းခွင့်ရသောကာလဖြစ်သော်လည်း ထိုင်းနယ်စပ်တွင် ပြောင်းဈေးကျခြင်း၊ နယ်စပ်ဂိတ်များမှ တင်ပို့ရာတွင် နယ်မြေမတည်ငြိမ်ခြင်းနှင့် သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်နေခြင်းကြောင့်ပြည်ပဝယ်လက်များမှ အရောင်းအဝယ်အေးခြင်း၊ ထိုင်းနှင့် ဖိလစ်ပိုင် နိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ အနည်းငယ်တင်ပို့မှုသာရှိခြင်း၊ပြည်တွင်း/ပြည်ပမှ ဝယ်လိုအား နည်းခြင်းကြောင့် အစေ့ထုတ် ပြောင်းဈေးနှုန်းများမှာ ယခင်ရက်သတ္တပတ်နည်းတူ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာ လျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၅၆၇၀၀ ကျပ်ဖြစ်သည်။ လာမည့်စိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်မှုများ လည်းလျော့နည်းလာဖွယ်ရှိကြောင်းသိရသည်။

## ပဲမျိုးစုံ

ပဲမျိုးစုံ အဓိကဝယ်လက် ဖြစ်သော အိန္ဒိယနိုင်ငံတွင် ပဲလိုအပ်ချက်များရှိနေခြင်းနှင့် ပဲဈေးများဈေးမြင့်နေခြင်း တို့ကြောင့် မတ်ပဲ(သဘော်တင်)နှင့် ပဲစင်းငုံ(သဘော်တင်)ဈေးနှုန်းများ ယခင်အပတ်ထက်ဈေးမြင့်လာခဲ့သည်။ မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ် ဈေးနှုန်းမှာ ၃၀၈၂၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၁၄၁၀၀၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်နီး ကပ်လာခြင်းကြောင့် ပဲဈေးနှုန်းများ ကျဆင်းတည်ငြိမ်စေရန် အိန္ဒိယအစိုးရသည် အဖက်ဖက်မှ ထိန်းချုပ်မှုများ ရှိခဲ့သော်လည်း တောင်သူများထံမှ ပဲများကိုမူ သတ်မှတ်ဈေးနှုန်းများထက်တိုးမြှင့် ဝယ်ယူမှုများရှိခဲ့ကာ မတ်ပဲ၊ ပဲစင်းငုံများ ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပဲစင်းငုံ(သဘော်တင်)မှာလည်း အလားတူပင် အိန္ဒိယနိုင်ငံတွင် ဈေးမြင့်နေခြင်း၊ မြန်မာပြည်တွင်း၌လည်း လက်ကျန်နည်းလာခြင်း၊လှောင်လက်များလက်တွင်သာပဲရှိခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ ပဲစင်းငုံ(သဘော်တင်)တစ်တန်လျှင် ယခင်အပတ်ဈေးနှုန်းမှာ ၃၉၀၀၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၉၇၆၀၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့ခြင်းဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့ပြီး မတ်ပဲ(သဘော်တင်)မှာ ကုန်သေတ္တာ ၁၈၅ လုံးခန့်၊ ပဲစင်းငုံ(သဘော်တင်)မှာ ကုန်သေတ္တာ ၁၅ လုံးခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းသိရသည်။

ပဲလွန်းဖြူနှင့် ဘိုကိတ်ပဲမှာ စိုက်ပျိုးထုတ်လုပ်မှုနည်းသော ပဲအမျိုးအစားများဖြစ်ခြင်းကြောင့် ဈေးကွက်သို့ ကုန်အဝင် နည်းခြင်း၊ အရည်အသွေးကောင်းခြင်း၊ ပြည်ပတင်ပို့သော ပဲများ ဈေးမြင့်လာချိန်ဖြစ်ခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေး မြင့်ခဲ့သည်။

ပဲလွန်းဖြူ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၀၁၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၀၂၅၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့ခြင်း ဖြစ်သည်။ ဘိုကိတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၉၇၅၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၀၄၉၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ပဲတီရွှေဝါမှာ နယ်စပ်ဂိတ်များမှ ကုန်စည်စီးဆင်းမှုမရှိသလောက်နည်းခြင်း၊ တရုတ်ဝယ်လက်များမှ အရောင်းအဝယ်အေးခြင်းတို့ဖြစ်ပေါ်ခဲ့သဖြင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ထောပတ်ပဲနှင့်ပဲပုတ်မှာ စိုက်ပျိုးထုတ်လုပ်မှုနည်းသော ပဲအမျိုးအစားဖြစ်ခြင်းနှင့် အရောင်းအဝယ်အေးခြင်းကြောင့် လည်းကောင်း၊ ကုလားပဲမှာ နှစ်သစ်ကူးပိတ်ရက်များနီးလာခြင်းကြောင့် ဝယ်လိုအားများသော်လည်း ပဲသစ်လှိုင်ချိန် ဖြစ်ခြင်းကြောင့် လည်းကောင်း ရောင်းလိုအား၊ ဝယ်လိုအား မျှကာ ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ထောပတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၃၂၃၄၀၀ ကျပ်ဖြစ်ပြီး ပဲပုပ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၁၈၈၄၀၀ ကျပ်ဖြစ်သည်။ ကုလားပဲမှာ တစ်ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်း ၄၂၄၈ ကျပ်ဖြစ်သည်။

## စားသုံးဆီ

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဧပြီ ၈ ရက်မှ ၂၂ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၂၅၀ ကျပ်ဖြစ်သည်။ ဖော်ပြပါဈေးနှုန်းမှာ မတ် တတိယအပတ်မှ ယခု ဧပြီ ဒုတိယပတ်ထိတိုင် တည်ငြိမ်နေခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်း ထက်များစွာ မကွာသောဈေးနှုန်းများဖြင့် စားအုန်းဆီများအား ဝယ်ယူရရှိနိုင်သည်။

အေးသန္တာဝင်း




## ဆန်

မန္တလေး ကိုင်းတန်းဈေးတွင် ရန်ကုန်ပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်းတို့မှာ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၃၅၀၀၀ ကျပ် ၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ၁၄၅၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ မနောသုခဆန်မှာ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၉၂၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ငစိန်ဆန်နှင့် ဧယာဆန်မှာ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဝင်ရောက်သော ဆန်ဖြစ်ခြင်း၊ အဝင်ပုံမှန်ရှိပြီး မြို့တွင်းသုံး နှင့် လုပ်ငန်းသုံး ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ငစိန်ဆန်တစ်အိတ် ၇၈၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ဧယာဆန်တစ်အိတ် ၉၂၀၀၀ ကျပ် မှ ၉၃၀၀၀ ကျပ်သို့မသိမသာမြင့်သွားသည်။

ဧရာမင်းဆန်မှာ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် အသစ်တစ်အိတ် ၁၃၅၀၀၀ ကျပ်၊အဟောင်းတစ်အိတ် ၁၅၀၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံ

မန္တလေး ပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများအနက် မြေပဲ(လုံးဆံ/ဆီဆံ)ဈေးနှုန်းမှာ ဆောင်းမြေပဲအဝင်နည်းသွားခြင်း၊ လုပ်ငန်းသမားအဝယ် ပုံမှန်ရှိခြင်းတို့ကြောင့် ၁၀၀ ပိဿာ အရည်အသွေးအကောင်းဆုံး ၆၈၅၀၀၀ ကျပ် မှ ၇၀၀၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားပြီး မြေပဲ(ဆီဆံ)မှာ အဝင်ပုံမှန်၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ၆၂၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

နှမ်းမျိုးစုံတို့အနက် နှမ်းဖြူမှာလုပ်ငန်းသမားနှင့် တရုတ်ဝယ်လက်နည်းခြင်းကြောင့် ၄၅ ပိဿာ ၃၇၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး နှမ်းညိုမှာ အဝင်ပုံမှန်ရှိခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းတို့ကြောင့် ၄၅ပိဿာ ၃၀၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး နှမ်းနက်မှာ လုပ်ငန်းသမားနှင့် တရုတ်ဝယ်လက်နည်းခြင်းကြောင့် ၄၅ ပိဿာ အရည်အသွေးအညံ့ဆုံး ၃၅၅၀၀၀ ကျပ် မှ အကောင်းဆုံး ၄၀၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပန်းနှမ်းဈေးနှုန်းမှာ အဝင်နည်းခြင်း၊ ဘယဆေးနှင့် လက်လီသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ ပိဿာ ၁၉၀၀၀၀ ကျပ်မှ ၂၀၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နေကြာဈေးနှုန်းမှာ ဆောင်းနေကြာဝင်ချိန်ဖြစ်ခြင်း၊ ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ၂၇ ပိဿာ ၁၀၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

မန္တလေးကိုင်းတန်းဈေးတွင် စားဖိုဆောင်သီးနှံများအနက် ကြက်သွန်နီဈေးနှုန်းမှာ မြစ်သားနှင့် မုံရွာတို့မှ ဝင်ရောက်ပြီး မြစ်သားကြက်သွန်များ အဝင်ပုံမှန်ရှိခြင်း ၊ မြစ်ကြီးနား၊ တနိုင်း၊ ဗန်းမော်၊ ထီးချိုင့် ၊ ကသာ၊ ရွှေတောသို့ တင်ပို့ရမှုနည်းခြင်းကြောင့် မြစ်သားကြက်သွန်(ကြီး) တစ်ပိဿာ ၃၀၀၀ ကျပ် မှ ၂၅၀၀ ကျပ်၊ လတ် တစ်ပိဿာ ၂၇၀၀ ကျပ် မှ ၂၃၀၀ ကျပ် ၊ သေးတစ်ပိဿာ ၂၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး မုံရွာကြက်သွန်မှာ တစ်ပိဿာ ၂၀၀၀ ကျပ်ဈေးရှိသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်နည်းခြင်း၊ မြို့တွင်းသုံးပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၀၀၀၀ ကျပ် မှ ၁၁၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ကြက်သွန်ဖြူ(မြန်မာ)မှာ အဝင်များလာခြင်း၊ အရည်အသွေးညံ့ခြင်းကြောင့် အရည်အသွေးအညံ့ဆုံး ၆၀၀၀ ကျပ်၊ အရည်အသွေးအကောင်းဆုံး ၁၅၀၀၀ ကျပ် မှ ၁၂၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

အာလူးဈေးနှုန်းအနေဖြင့် အောင်ပန်း၊ ပခုက္ကူ အာလူးများ အဝင်မရှိတော့ဘဲ ဘန့်ဘွေးအာလူးများသာ ဝင်ရောက်ပြီး တစ်ပိဿာ ၁၈၀၀ ကျပ်ဖြင့် မြို့တွင်းသုံးဝယ်ယူမှုများသည်။

ချင်းဈေးနှုန်းအနေဖြင့် ပင်ရင်းဒေသမှ ဘင်္ဂလားသို့ တင်ပို့မှုမပြတ်ရှိနေခြင်းကြောင့် ပင်ရင်းဈေးမြင့်ခြင်း၊ ဝင်ရောက်မှုနည်းခြင်းကြောင့် တစ်ပိဿာ ၆၀၀၀ ကျပ်မှ ၆၅၀၀ ကျပ် သို့ ဈေးမသိမသာမြင့်သွားသည်။

## ပဲမျိုးစုံ

မန္တလေးပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် မတ်ပဲ ဈေးနှုန်းမှာ ရန်ကုန်ဝယ်လက်ရှိခြင်း၊ အဝင်နည်းသွားခြင်း၊ ပဲခွဲစက်များ အဝယ်ရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ယခင်အပတ် ၂၈၅၀၀၀ ကျပ် မှ ၃၀၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲတီစိမ်း(အညာ)မှာ အရောင်းအဝယ်အေးခြင်း ၊ အသစ်ဝင်ရောက်မှုမရှိဘဲ လက်ကျန်များသာရှိခြင်း ၊ တရုတ်ဝယ်လက်နည်းခြင်းကြောင့် ခွဲပဲများသာ ရောင်းဝယ်မှုရှိပြီး ၃ တင်းတစ်အိတ် ၁၂၅၀၀၀ ကျပ်ဈေးရှိသည်။

ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ စိုက်ဧကနည်း ၊ အထွက်နည်း ၊ အဝင်နည်းခြင်း၊ ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်များ အဝယ်ရှိခြင်းကြောင့် ပဲစဉ်းငုံ(ဖြူ) ၃တင်းတစ်အိတ် ၃၄၀၀၀၀ ကျပ် မှ ၃၄၅၀၀၀ ကျပ်သို့ မသိမသာဈေးမြင့်သွားပြီး ပဲစဉ်းငုံ(နီ)မှာ ၃၆၅၀၀၀ ကျပ်မှ ၃၇၈၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲပုပ်(ရှမ်း/မြန်မာ)တို့မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံးလုပ်ငန်းသုံး ဝယ်ယူမှုရှိခြင်းကြောင့်ပဲပုပ်(မြန်မာ) ၃ တင်းတစ်အိတ် ၁၆၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲပုပ်(ရှမ်း)မှာ ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ၃ တင်းတစ်အိတ် ၁၆၅၀၀၀ ကျပ် မှ ၁၆၂၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

ကုလားပဲဈေးနှုန်းများအနေဖြင့် အသစ်အဝင်နည်းသွားခြင်း ၊ လုပ်ငန်းသုံးနှင့် ပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်းကြောင့် ကုလားပဲ(လုံးဖြူကြီး) ၃ တင်းတစ်အိတ် ၂၄၂၀၀၀ ကျပ် မှ ၂၄၈၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ကုလားပဲ(လုံးဝါကြီး)မှာ ကုလားပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်း ၊ အဝင်နည်းသွားခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၂၈၀၀၀ ကျပ် မှ ၂၃၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ခွဲခြမ်းမှာ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်း၊ လက်ကျန်များခြင်းကြောင့် တစ်ပိဿာ ၅၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲယင်း နှင့် မြေထောက်ပဲတို့မှာ အဝင်များလာခြင်း ၊ မြို့တွင်းစားသုံးမှုအတွက် ဝယ်ယူမှုပုံမှန်ရှိခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းတို့ကြောင့် ပဲယင်း ၃ တင်းတစ်အိတ် ၁၄၅၀၀၀ ကျပ် မှ ၁၄၃၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားပြီး မြေတောက်ပဲမှာ လုပ်ငန်းသမား၊ ပဲကြော်/လှော်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၈၀၀၀၀ ကျပ် မှ ၂၉၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

စားတော်ပဲ(ကျွန်း)မှာ လက် လီသမား အဝယ်ပုံမှန်ရှိခြင်း ၊ အဝင်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၇၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲလွန်းဖြူ/ပြာတို့မှာ အဝင် ပုံမှန်ရှိခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် ပဲလွန်းဖြူ ၃ တင်းတစ်အိတ် ၁၇၄၀၀၀ ကျပ်၊ ပဲလွန်းပြာ တစ်အိတ် ၁၇၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ(ကြီး/သေး)တို့မှာ ပဲကြီး(ကြီး)မှာ ပဲကြော်/လှော်သမား အဝယ်ပုံမှန်ရှိခြင်း၊ အဝင်များခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၇၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ပဲကြီး(သေး)၊ ထောပတ်ပဲ(ကြီး/သေး)တို့မှာ အဝင်ပုံမှန်ရှိခြင်း၊ လက်လီသမားအဝယ်သာရှိပြီး အရောင်းအဝယ်အေးခြင်းကြောင့် ပဲကြီး(သေး) ၃ တင်း တစ်အိတ် ၂၂၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ထောပတ်ပဲ(ကြီး/သေး)တို့မှာ အသစ်ဝင်ချိန်ဖြစ်ခြင်း၊ အရောင်းအဝယ်အေးခြင်း၊ မြို့တွင်းလုပ်ငန်းသုံးဝယ်ယူမှုသာရှိခြင်းကြောင့် ထောပတ်ပဲ ၃ တင်းတစ်အိတ် ၃၅၀၀၀၀ ကျပ် မှ ၃၄၀၀၀၀ ကျပ်သို့လည်းကောင်း ထောပတ်ပဲ(သေး) ၃၀၀၀၀၀ ကျပ်သို့ လည်းကောင်း မသိမသာဈေးနိမ့်သွားသည်။

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ

မန္တလေးဈေးကွက်တွင် ခရမ်းချဉ်(ရှမ်းတောင်) ဝင်ရောက်စဖြစ်၍ ၂၀ ပိဿာ တစ်သေတ္တာ ၂၀၀၀၀ ကျပ်ဈေးရှိပြီး ထိုင်ဝမ်သီးများမှာ တစ်ပိဿာ ၈၀၀ ကျပ်ဖြင့် မြို့တွင်းသုံး ဝယ်ယူမှုသာရှိပြီး မြစ်ကြီးနား၊ လုံးခင်းတင်ပို့ရမှု မရှိပါ။ ငရုတ်စို(ရှည်နှင့်လတ်)မှာ မုံရွာ၊ ချောင်းဦးမှ ပုံမှန်ဝင်ရောက်ပြီး ငပိထောင်း ၊ လက်ဖက်သမား အဝယ်သာရှိခြင်းကြောင့် ငရုတ်စို(ရှည်) တစ်ပိဿာ ၁၆၀၀ ကျပ်၊ ငရုတ်စို(လတ်) တစ်ပိဿာ ၂၂၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ပန်းမုံလာတစ်ပွင့် ၇၀၀ ကျပ် ၊ ဂေါ်ဖီထုတ်တစ်ထုတ် ၇၀၀ ကျပ် ၊ ပြင်ဦးလွင်မှ မုံလာဥနီတစ်ပိဿာ ၂၀၀၀ ကျပ် ၊ ဘိုစားပဲ တစ်ပိဿာ ၂၅၀၀ ကျပ်ဖြင့် မြို့တွင်း

စာ-၁၅ သို့

# ဟင်းသီးဟင်းရွက် သစ်သီးဝလံတင်သွင်းမှုများအပေါ် တင်းကျပ်စွာ စစ်ဆေးသင့်ကြောင်း ထိုင်းစက်မှု ဖက်ဒရေးရှင်းဥက္ကဋ္ဌ ပြောကြား

ထိုင်းနိုင်ငံသို့ တင်သွင်းသည့် လယ်ယာထွက်သီးနှံများအနက် အချို့တွင် ပိုးသတ်ဆေး ဓာတ်ကြွင်းတွေ့ရှိမှုအရ အိမ်နီးချင်းနိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ တင်သွင်းသည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၏ ဘေးကင်းလုံခြုံမှုအပေါ် စိုးရိမ်ပူပန်မိကြောင်း ထိုင်းစက်မှုလုပ်ငန်းများဖက်ဒရေးရှင်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ဖက်ဒရေးရှင်း ဥက္ကဋ္ဌ ကရိယန်ခရိုင် သိယင်နူကူလ်က စားသုံးသူများ ကျန်းမာရေး မထိခိုက်စေရေးအတွက် ယင်းသွင်းကုန်များအား တင်းကြပ်စွာ စစ်ဆေးသင့်ကြောင်းပြောကြားသည်။

စားသုံးသူများ ယုံကြည်မှုမြင့်မားလာစေရန်အတွက်သွင်းကုန်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအား စစ်ဆေးမည့် ဝန်ထမ်းအရေအတွက် တိုးမြှင့်ရန် ၎င်းက တိုက်တွန်းပြောကြားသည်။ ဖက်ဒရေးရှင်း၏ ထုတ်ပြန်ချက်အရ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်သွင်းမှုသည် တစ်နှစ်ပြီးတစ်နှစ် တိုးလာကြောင်း၊ ၂၀၂၄ ဇန်နဝါရီတွင် တင်သွင်းမှုတန်ဖိုး ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း၊ လိမ္မော်သီး၊ ခရမ်းချဉ်သီး၊ ကိုက်လန်၊ ပူစီနံ ငရုတ်သီး၊ ပန်းဂေါ်ဖီတို့ အပါအဝင်ဖြစ်ကြောင်း သိရှိရသည်။



ဖက်ဒရေးရှင်းအနေဖြင့် ယင်းလယ်ယာထွက်ကုန်များ တင်သွင်းမှုသည် နိုင်ငံ၏ ဂျီဒီပီတွင် အဓိကဖြစ်သည့် ထိုင်းစိုက်ပျိုးရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှုဖြစ်စေမည်ကိုလည်း စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံမှ တင်သွင်းသည့် ဈေးချိုသော ထုတ်ကုန်များက ပြည်တွင်းရှိ အသေးစား၊ အလတ်စား အခြား စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ အခြားစီးပွားရေး ကဏ္ဍများအတွက်လည်း စိန်ခေါ်မှုများ ရှိနေကြောင်း ဖက်ဒရေးရှင်းက ဆက်လက် ပြောကြားခဲ့သည်။

TTP

# မဲခေါင်မြစ်ဝှမ်းအတွင်းရေငန်ဝင်ရောက်မှုကြောင့် ဗီယက်နမ်တွင် သီးနှံပျက်စီးဆုံးရှုံးမှုများ ကြုံနေရ



ဗီယက်နမ်၏ မဲခေါင်မြစ်ဝှမ်းဒေသအတွင်း ရေငန်များကြောင့် စိုက်ပျိုးရေးဆိုင်ရာ စိန်ခေါ်မှုများကို ကြုံတွေ့နေရပြီး နှစ်စဉ်သီးနှံ ဆုံးရှုံးမှုမှာ ဒေါ်လာ ၃ ဘီလီယံခန့်ရှိသည်ဟုဆိုသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ပင်လယ်ရေမြင့်တက်လာခြင်း၊ မိုးခေါင်ခြင်း၊ ဒီရေအတက်အကျ ပြောင်းလဲခြင်း၊ ရေဝပ်ဧရိယာများမှ ရေစီးဆင်းဝင်ရောက်မှု နည်းလာခြင်း စသည့်အခြေအနေများကြောင့်ဖြစ်ပြီး သီးနှံစိုက်ပျိုးဧရိယာများတွင် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်စေခဲ့သည်။

ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ရေသယံဇာတသိပ္ပံ၏ ထုတ်ပြန်ချက်အရ ကမောင်းနှင့် ဘင်ထရီ ပြည်နယ်တို့တွင် အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြင်းထန်သည့် သက်ရောက်မှုများရှိသည်ဟုဆိုသည်။ ပျက်စီးဆုံးရှုံးသည့်ပမာဏများမှာ ကမောင်းတွင် ဒေါ်လာ ၆၆၅ သန်း၊ ဘင်ထရီတွင် ဒေါ်လာ ၄၇၂ သန်းခန့် ဖြစ်ကြောင်း ခန့်မှန်းထားသည်။ သီးနှံအုပ်စုအလိုက်ဆိုလျှင် သစ်သီးဝလံ၏ ၂၉ ရာခိုင်နှုန်း၊ အခြားသီးနှံများတွင် ၂၇ ရာခိုင်နှုန်း စပါးတွင် ၁၄ ရာခိုင်နှုန်း ပျက်စီးသည်ဟု ဆိုသည်။ ယင်းတွေ့ရှိချက်များကို မကြာမီကကျင်းပခဲ့သည့် ဗီယက်နမ်၏ စိုက်ပျိုးရေးကဏ္ဍတွင် ရေငန်ဝင်ရောက်မှု ကြောင့် အကျိုးသက်ရောက်မှုများ အလျင်အမြန်လျှော့ချရေး မဟာဗျူဟာဆိုင်ရာ ရေသယံဇာတ စီမံခန့်ခွဲမှု ကွန်ဖရင့်တွင် တင်ပြ ဆွေးနွေးခဲ့ကြောင်း သိရသည်။

TTP

စာ-၈ မှ

ရာသီဥတုပြောင်းလဲခြင်းတွင်အပူချိန်မြင့်မားလာခြင်းကြောင့် ငါးကန်အောက်ခြေတွင် ရေညှိရေမှော်များ၊ အော်ဂဲနစ်အဆွေးများ ပိုမို၍ အစုအပုံ ဖြစ်နေစေခြင်းမှာ စုပ်ခွက်ငါး (plecos)များ ရှင်သန်ပေါက်ပွားရန် အခြေအနေကောင်းများကို ဖြစ်ပေါ်စေပါသည်။

စုပ်ခွက်ငါးသည်အစားသောင်းကျန်းလွန်းပြီး တွေ့ကရာအကုန်စားပစ်တတ်သည့် အလေ့အထရှိသောကြောင့် အခြားရေနေသတ္တဝါများအတွက် အစာဂေဟာစနစ်ကို ပျက်စီးစေနိုင်ပါသည်။ ငါးသားလောင်းများကိုလည်း ဖမ်းယူစားသောက်တတ်သကဲ့သို့ အပင်များတွင် ကပ်ပြီး ဥချထားသော ဥများကိုလည်းစားသောက်ပစ်ကြသည့်အတွက် တချို့သော ငါးမျိုးစိတ်များကိုလည်း မျိုးတုံးစေနိုင်ပါသည်။



ရေပေါ်နှင့် တခြားအင်းဆက်အပင်များ၊ ရေအောက်ရှိအပင်အမျိုးမျိုးကိုလည်း စားသောက်ပစ်တတ်သောကြောင့်ရေဝပ်ဒေသ၏ ရေအရည်အသွေးကို ကျဆင်းစေပြီး တခြားငါးများအတွက်လည်း အစာကွင်း ဆက်ပြတ်ကာ အစာရေ စာရှားပါးမှုကိုဖြစ်ပေါ်စေသည်။

စုပ်ခွက်ငါးများသည် နေရာဒေသအမျိုးမျိုး၌ အံဝင်ခွင်ကျနေနိုင်ပြီး ခံနိုင်ရည်မြင့်မားလှသည်။ နောက်ကျိလွန်းသော ဗွက်ရေထဲတွင်လည်း ရှင်သန်နိုင်ကြသကဲ့သို့ မာကျောသည့်အကြေးခွံများကြောင့် ငါးဖမ်းစားလေ့ရှိသော အသားစားကြူးသည့် တခြားငါးမျိုးစိတ်များကပင် စုပ်ခွက်ငါးကို ဖမ်းမစားကြပေ။ စုပ်ခွက်ငါးများသည် မျိုးပွားနှုန်းမြန်သောကြောင့် ရေချိုသယံဇာတအတွက်မှု အန္တရာယ်ရှိလှပေသည်။

စုပ်ခွက်ငါးများကြောင့် မွေးမြူရေးငါးများ အစာလုံလောက်မှု မရှိခြင်း၊ မွေးမြူရေးငါးများ၏ နေရာကို ခွဲဝေယူထားသဖြင့် ရေရှည်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်။

(ဆက်လက်ဖော်ပြပါမည်)

စာ-၆ မှ

ဆောင်ရွက် ခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ထို့အပြင် ဘရာဇီး၊ အာဂျင်တီးနား စသည့်နိုင်ငံတို့တွင်လည်း အိန္ဒိယဈေးကွက်အတွက် ပဲစင်းငုံ စိုက်ပျိုးရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ယခုအခါတွင် စားတော်ပဲအား အခွန်ကင်းလွတ်ခွင့်ပြုထားခြင်းဖြင့် ဈေးကွက်အတွင်း ပဲဈေးနှုန်းများ ထိန်းချုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေအား တင်ပြလိုက်ရပါသည်။

မျိုးမြင့်မောင်

## သဘာဝကပေးအစာနှင့်ဆေး

# အညာကုက္ကို



ကြေးမုံငယ်

အညာကုက္ကိုကို မြန်မာကုက္ကိုဟုလည်း ခေါ်ဆိုကြပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ 'Shak Shak Tree' ဟု လူသိများပြီး siris, Indian siris, East Indian walnut, Broome raintree, lebbeck, lebbek tree, frywood, koko နှင့် woman's tongue tree ဟုလည်း ခေါ်ဆိုကြ၏။ အညာကုက္ကိုပင်၏ အသီးတောင့်အတွင်းမှ အစေ့လေးများ လေတိုက်သည့်အခါ ထွက်လာသည့် အသံလေးကြောင့်လည်း 'Shak Shak Tree' ဟုလည်း ခေါ်ဆိုကြခြင်းဖြစ်၏။ အညာကုက္ကိုပင်၏ ရုက္ခဗေဒအမည်မှာ Albizia lebbeck ဟုခေါ်ဆိုပြီး မျိုးရင်း Fabaceae တွင်ပါဝင်၏။

အညာကုက္ကိုပင်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယတိုက်ငယ်တို့တွင် စတင်ဖြစ်ထွန်းပြီး နောက်ပိုင်းတွင် ယင်းကို အပူပိုင်းနှင့် သြစတြေးလျနိုင်ငံ အပါအဝင် အပူလျော့ပိုင်းဒေသများမှာပါ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလာကြ၏။ မြန်မာနိုင်ငံတွင် အညာကုက္ကိုဟု အမည်တွင်သည့်အတိုင်း အညာဒေသတွင် အမိကပေါက်ရောက်သည်ကို တွေ့ရှိရ၏။ ကုက္ကိုပင်တွင် ကုလားကုက္ကို (သဘောကုက္ကို)နှင့် မြန်မာကုက္ကို (အညာကုက္ကို) ဟူပြီး နှစ်မျိုးရှိ၏။ အညာကုက္ကိုရွက်နုနှင့် အဖူးလေးများကို ဟင်းသီးဟင်းရွက်အဖြစ် စားသုံးကြပြီး ဆေးဖက်ဝင်သဘာဝပေါက်ပင်အဖြစ်လည်း အသုံးများကြ၏။ အညာကုက္ကို၏ ပင်စည်မှာ မွဲပြာအဖြူရောင်ရှိ၏။ ပန်းပွင့်မှာ အစိမ်းနုရောင်သန်းသည့်အဖြူရောင် ဖြစ်၏။ အညာကုက္ကိုပင်၏ အစိတ်အပိုင်းများကို အာဖရိက၊ အာရှ၊ သြစတြေးလျနိုင်ငံတို့တွင် ဝဲနာ၊ ဝဲခြောက်ရောဂါ ကာကွယ်ခြင်း၊ အဆုတ်ကြောင့် ဖျားနာခြင်း၊ ချောင်းဆိုးရင်ကျပ်ဖြစ်ခြင်း၊ လေပွန့်များရောင်ရမ်းခြင်း၊ ပုံမှန်မဟုတ်သော အဖုအကျိတ်များဖြစ်ခြင်း၊ မျက်စိရောဂါများဖြစ်ခြင်း အစရှိသည့် ရောဂါများအတွက် ဆေးဝါးအဖြစ် ဖော်စပ်ကာ အသုံးပြုလေ့ရှိကြ၏။



အာယုဗေဒဆေးပညာရပ်အရ အညာကုက္ကိုကို အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အရေပြားဆိုင်ရာ ရောဂါများ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ခံတွင်းရောဂါများအတွက် ဆေးဝါးအဖြစ် အသုံးပြုကြ ၏။

ရိုးရာတိုင်းရင်းဆေးပညာ ရပ်နှင့် လူမျိုးစုများ၏ ဆေးပညာရပ်များအရ အညာကုက္ကိုကို ပန်းနာရင်ကျပ်ရောဂါ ဖြစ်ခြင်း၊ လေပွန့်များရောင်ရမ်းနာဖြစ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ သွားဖုံးရောင်ခြင်း၊ ကပ်ပါးကောင်များကြောင့် ဖြစ်ပွားတတ်သည့်ရောဂါများ၊ အဆိပ်ရှိသည့်သတ္တဝါများဖြစ်သည့် ကင်းမြီးကောက်၊ မြွေအကိုက်ခံရခြင်း၊ ပြည်တည်နာဖြစ်ခြင်း၊ အနာကြီးရောဂါဖြစ်ခြင်း၊ အပူလောင်နာဖြစ်ခြင်း၊ အဖုအကြိတ်များဖြစ်ခြင်း၊ အဆစ်အမြစ်ရောင် နာဖြစ်ခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းကိုက်ခြင်း၊ ကြက်မျက်သင့်ရောဂါဖြစ်ခြင်း၊ အဆိပ်သင့်ခြင်း အစရှိသည့် ဝေဒနာများ အတွက် ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုခဲ့ကြ၏။

အိန္ဒိယနိုင်ငံ၏ ရိုးရာတိုင်းရင်းဆေးပညာရပ်အရ ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ လေပွန့်ရောင်ခြင်း၊ အဆစ်အမြစ် ရောင်နာဖြစ်ခြင်း၊ သွားဖုံးရောင်နာဖြစ်ခြင်း၊ သွားကိုက်ခြင်း၊ အရေပြားရောဂါများဖြစ်ခြင်း၊ အနာကြီးရောဂါဖြစ်ခြင်း၊ ငှက်ဖျားရောဂါဖြစ်ခြင်း၊ အရိုးကျိုးခြင်း၊ အရိုးအက်ခြင်း ဝေဒနာတို့အတွက် အညာကုက္ကိုပင်၏အခေါက်ကို ဆေးအဖြစ်အသုံးပြုကြ၏။ ကြက်မျက်သင့်ခြင်းနှင့် ကာလသားရောဂါများအတွက် အညာကုက္ကိုရွက်ကို ဆေးအဖြစ်အသုံးပြုကြ၏။ အပင်၏ အစိတ်အပိုင်းများအားလုံးကို အဆိပ်ဖြေဆေးအဖြစ်လည်းကောင်း၊ သွေးသွန်ခြင်းနှင့် သွားဖုံးရောင်ခြင်းတို့အတွက် ဆေးအဖြစ် လည်းကောင်း အသုံးပြုကြ၏။ အမြစ်ကို ထိခိုက်ရှနာများ သက်သာစေရန်အတွက် အသုံးပြုကြ၏။ ပန်းပွင့်ကြိတ်ရည်ကို ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ မျက်လုံးရောဂါများဖြစ်ခြင်း၊ အဆိပ်သင့်ခြင်းတို့အတွက် ဆေးအဖြစ် အသုံးပြုကြ၏။ အစေ့ကိုမူ လိပ်ခေါင်းရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းတို့အတွက် အသုံးပြုကြ၏။

မြန်မာနိုင်ငံ အထက်အညာဒေသတွင် နွေဦးရောက်ချိန် အညာကုက္ကိုပင်၏ ရွက်နုဖြာချိန်တွင် အရွက်နုများနှင့် အဖူးလေးများကို ခူးဆွတ်ကာ ဟင်းလျာများအဖြစ် ပြင်ဆင်ချက်ပြုတ်စားသုံးလေ့ရှိကြ၏။ အညာကုက္ကိုရွက်နုနှင့် အဖူးလေးများကို ရေနှင့် စင်ကြယ်အောင် ဆေးကြောပါ။ ပြီးလျှင် ပွက်ပွက်ဆူအောင် တည်ထားသော ရေနွေးအိုးထဲသို့ ဆားနှင့် ဆီအနည်းငယ်ထည့်ပြီး သန့်စင်ထားသော အရွက်များကို ၂ မိနစ်ခန့် ပြုတ်ပြီး ဆယ်ယူကာ ရေအေးထဲသို့ ထည့်ပြီး ၃ ကြိမ်ခန့် ရေဆေးပြီး စစ်ထားပါ။ ထိုသို့ပြုတ်လိုက်ခြင်းဖြင့် အရွက်တွင်ပါသည့် ပအာသည့်အရသာကို သက်သာစေ၏။ ပြီးလျှင် အရွက်ပြုတ်များကို ရေကုန်သည်အထိ ညှစ်ယူပြီး ငှက်ပျောရွက်/အင်ဖက်တို့ဖြင့် စနစ်တကျ ထုပ်ပိုးပြင်ဆင်ပြီး သိမ်းထားနိုင်၏။ အညာကုက္ကိုရွက်ပြုတ်များကို အညာဒေသထွက် စားသောက်ကုန်ရောင်းချသူများထံမှတစ်ဆင့် မြန်မာအနှံ့မှဝယ်ယူစားသုံးနိုင်နေပြီဖြစ်၏။

- အညာကုက္ကိုရွက်ပြုတ်များကို ငါးပိရည်ကျိုဖျော်၊ ခရမ်းချဉ်သီးချက်၊ ငရုတ်သီးစိမ်းချက်၊ ငါးပိချက် စသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ်လည်း စားသုံးတတ်ကြ၏။
- အညာကုက္ကိုရွက်ပြုတ်လေးများကို ဓားဖြင့် ပါးပါးလှီးပေးပါ။ အချို့ကလည်း ငရုတ်ဆုံထဲ ထည့်ကာ မညက်တညက်ထောင်းကြ၏။ ပြီးလျှင် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့် အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက်၊ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံလှသည့် အညာကုက္ကိုရွက်သုပ်လေး ရပါပြီ။ ငရုတ်သီးစိမ်းလေးကိုက်၊ ကြက်သွန်ဖြူ

စာ-၁၅ သို့

စာ-၉ မှ

(၁၁)Training Course on Basic GIS and Database

ပုံမှန်သင်တန်းများတွင် အောက်ပါဘာသာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။

(၁)Basic Survey (PT Survey)
(၂) Advance Survey (Theodolite Survey)
(၃)Total Station နှင့် RTK – GPS များဖြင့် မြေတိုင်းတာခြင်း
(၄)Basic Computer Course
(၅)Computerize Mapping
(၆)GIS and Crop Database
(၇) Basic Statistics
(၈) Leadership and Management
(၉) မြေစာရင်းဘာသာရပ်
(၁၀) ဌာနလုပ်ငန်းများနှင့် ဆက်စပ်သည့်ဥပဒေများ
(၁၁) ဝန်ထမ်းရေးရာနှင့် ငွေစာရင်းဘာသာရပ်
(၁၂) ပြည်သူ့ဆက်ဆံရေးဘာသာရပ်

သင်တန်းကျောင်းတည်ထောင်ဖွင့်လှစ်သည့် ၁၉၉၅ ခုနှစ်မှ ယနေ့အထိ အထက်ဖော်ပြပါ သင်တန်းများတွင် အရာထမ်း၊ အမှုထမ်း သင်တန်းသားဦးရေ(၁၉၈၅၅)ဦးအား လေ့ကျင့်သင်ကြား ပေးနိုင်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ် (Certificate) ပေးအပ်ချီးမြှင့်နိုင်ခဲ့ပါသည်။ သင်တန်းကျောင်းမှ သင်ကြားပေးသည့် သင်ခန်းစာများနှင့် သင်တန်းကာလများသည် ဌာနတွင်းဝန်ထမ်းများ၊ ဌာန၏လုပ်ငန်း တာဝန်များထမ်းဆောင်နိုင်ရန်အတွက် ပြည့်စုံလုံလောက်မှုရှိကြောင်း တွေ့ရပါသည်။ ထူးခြားမှုတစ်ခုမှာ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းသည် မည်သည့် တက္ကသိုလ်၊ ကောလိပ်၏ လက်အောက်တွင်မျှမရှိဘဲ ဌာန၏ကြိုးကြပ်မှု၊ ဌာနအကြီးအကဲများ၏ ကိုယ်စွမ်းဉာဏ်စွမ်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ လမ်းညွှန်မှု ပံ့ပိုးကူညီမှုတို့ဖြင့် တည်ထောင် ဖွင့်လှစ်ထားသော သင်တန်းကျောင်းတစ်ခုဖြစ်ပါသည်။

မိမိတို့သင်တန်းကျောင်းမှ သင်ကြားပို့ချပေးလျက်ရှိသည့် ဘာသာရပ်များနှင့် သင်တန်းကာလများကို အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ နိုင်ငံများအပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယား နိုင်ငံများရှိ တက္ကသိုလ်နှင့် သိပ္ပံများက မြေယာစီမံခန့်ခွဲမှုနှင့် မြေတိုင်းတာခြင်းနှင့်ပတ်သက်၍ သင်ကြားပေးနေသည့် ဘာသာရပ်များ၊ သင်တန်းကာလများနှင့် နှိုင်းယှဉ်လေ့လာသည့်အခါ သင်တန်းဆင်းအောင် လက်မှတ်သာမက ဘွဲ့ကြို/ဘွဲ့လွန် ဒီပလိုမာ ပေးအပ်နိုင်သည့် သင်ခန်းစာ (Course) များဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သင်တန်းကျောင်းသို့လာရောက်ကြသည့် ပြည်တွင်းပြည်ပ ပညာရှင်များကလည်း သင်တန်း ကျောင်း၏သင်ကြားပို့ချမှုများအပေါ် ကျေနပ်အားရကြပြီး မိမိဌာနတွင်း ဝန်ထမ်းများကိုသာမက အခြားစိတ်ဝင်စားသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များအား သင်တန်းသားအဖြစ်လက်ခံ၍ မြေယာအုပ်ချုပ်ရေးနှင့် မြေတိုင်းပညာရပ်များကို သင်ကြားပေးပြီး ဒီပလိုမာလက်မှတ် ချီးမြှင့်ပေးနိုင်မည်ဆိုပါက နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးရာရောက်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုအတွင်း မြေယာစီမံအုပ်ချုပ်မှု သဘောတရားနှင့် မြေယာဥပဒေ အသိပညာဗဟုသုတများ ပြန့်ပွားပေးရာရောက်မည်ဖြစ်ကြောင်း အကြံပြုခဲ့ကြပါသည်။ ထို့ကြောင့် နောင်အနာဂတ်ကာလတွင် "ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာ ပေးရေးသင်တန်းကျောင်း" အား ဌာနတွင်းဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးသည့် သင်တန်း ကျောင်းမှသည် သတ်မှတ်ပညာအရည်အချင်းပြည့်မီပြီး မြေယာအုပ်ချုပ်မှုနှင့်မြေတိုင်းပညာကို စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်နိုင်သည့် "မြေယာအုပ်ချုပ်မှုနှင့်မြေတိုင်းပညာသိပ္ပံ" တစ်ခုအဖြစ် အဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဆိုပါက မြေယာအုပ်ချုပ်မှုနှင့် မြေတိုင်းပညာကို စိတ်ပါဝင်စားကြသည့် လူငယ်လူရွယ်များအတွက် ပြည်တွင်းပြည်ပနယ်ပယ်ဒေသအသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေးဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် မြေယာ ဥပဒေပြဋ္ဌာန်းချက်များကို အများပြည်သူများက ပိုမိုသဘောပေါက်နားလည်လာကြပြီး အကျိုးတရားအနေဖြင့် နိုင်ငံတော်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် မြေယာပြဿနာများ လျော့နည်းသွားမည့်အပြင် တစ်ဖက်တစ်လမ်းမှလည်း ယင်းပြဿနာများကို ဖြေရှင်းပေးရာ ရောက်မည်ဖြစ်ကြောင်း ဗဟုသုတ အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

ကျော်ထင်(CLRDTC)

စာ-၁၄ မှ

လေးကိုက်၊ ထမင်းဖြူပူပူလေးနှင့်တွဲ ဖက် သုံး ဆော င် နိုင် သ ကဲ့ သို့ ရေ နွေး ကြ မ်း ပူ ပူ လေး နှ င့် လ ည်း လိုက်ဖက်လှ၏။ ရာသီစာလည်းဖြစ်



ဆေးဖက်လည်းဝင်လှသဖြင့် တန်ဖိုးထားပြီး စားသုံးကြ၏။ မိသားစုထမင်းဝိုင်း၏ နှုတ်မြိန်စာ အသုပ်တစ်ပွဲဖြစ်စေ၏။

- အချို့ကလည်း ကြက်သွန်ဖြူပု စွ န် ခြော က် မ ည က် တ ည က် ထောင်းနှင့် ဟင်းခါးရည်ချက်ကာ ဟင်းရည်ကျသည်အထိ တည်ပြီး အညာကုက္ကိုရွက်နုလေးများကို ခပ်ကာ ဟင်းခါးချက်သောက်တတ်ကြသေး၏။

- နောက်တစ်နည်းမှာ ကြက်သွန်ဖြူ ခွားပြားရိုက်ပြီး ဆီပူပူတွင် ဆီသတ်၊ ပုစွန်အစို/ပုစွန်ခြောက် မညက်တ ညက် ထောင်း/ နှစ်သက်ရာအသား/ ကြက်ဥတို့ထည့်ကာ ဆီသတ်ပြီး ပြုတ်ထားသောအညာကုက္ကိုရွက်နုလေးများကိုထည့်ကာ ကြော်စားလျှင်လည်း ကောင်းလှပေ၏။

အ ညာ ကု က္ကို ပ င် များ ကို ပ တ် ဝ န်း ကျ င် စိ မ်း လ န်း စို ပြေ ရေး အတွက်လည်းကောင်း၊ တိရစ္ဆာန်အစာအဖြစ်လည်းကောင်း၊ ဆေးဖက် ဝင် အသုံးအဖြစ်လည်းကောင်း၊ သ စ် သား အ ဖြ စ် လ ည်း ကော င်း အသုံးပြုကြ၏။ အမေရိကန် ပြည်ထောင်စု၏ တောင်ပိုင်းနှင့် မြောက်ပိုင်းတွင်ပါ အညာကုက္ကိုပင်များကို အရိပ်ရအပင်ဖြစ် စိုက်ပျိုးကြ၏။



အိန္ဒိယနှင့် ပါကစ္စတန်တို့တွင် ယင်းအပင်၏ သိပ်သည်းဆ ကောင်းမွန်သည့်အတွက် သစ်သားထုတ်ယူရန် စိုက်ပျိုးကြ၏။ ဟောင်ကောင်တွင် အ ညာ ကု က္ကို ပ င် ကို အ ပ င် စား တိရစ္ဆာန်များ၏ အစားအစာအရင်းအမြစ်အဖြစ် သတ်မှတ် စိုက်ပျိုးကြ၏။ လက်ဖက်၊ ကော်ဖီနှင့် ဖာ လာ စို က် ခ င်း များ အ ကြား တွ င် လည်း အရိပ်ရအပင်အဖြစ် စိုက်ပျိုးလေ့ရှိကြ၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှ ပေးသည့် လက်ဆောင်မွန် အညာကုက္ကိုပင်မှ ရရှိသည့် အစိတ်အ ပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်



စာ-၁၂ မှ

သုံး နှင့် စားသောက်ဆိုင်များ အဝယ်ပုံမှန်ရှိနေသည်။

ကျောက်ဆည်ဘက်မှ ကျောက်စိမ်းဖရဲများ အရည်အသွေးပေါ်မူတည်၍ ၁၅၀၀ ကျပ် မှ ၂၅၀၀ ကျပ်၊ သခွားမွှေးတစ်လုံး ၄၀၀ ကျပ် မှ ၁၀၀၀ ကျပ်၊ သခွားမွှေး ၄လုံးတစ်ဖာ ၇၀၀၀ ကျပ် ၊ ချောင်းဦးဘက်မှ သဘော်သီးတစ်လုံး ၁၅၀၀ ကျပ် မှ ၂၀၀၀ ကျပ်ဖြင့် မြို့တွင်းသစ်သီးဆိုင်များ၊ လားရှိုး၊ ပြင်ဦးလွင်၊ ပြည်သို့ တင်ပို့မှုရှိသည်။ပန်းသီး(တရုတ်) ၁၀၀လုံးပါ တစ်ခြင်း ၅၃၀၀၀ ကျပ်၊ ရမည်းသင်း ၊ မိတ္ထီလာ မှ စပျစ်သီးများ အဝင်နည်းသွားခြင်းကြောင့် တစ်ပိဿာ ၆၅၀၀ ကျပ်၊ ပန်းသစ်တော် ၃၀ လုံးပါတစ်ခြင်း ၆၂၀၀၀ ကျပ်ဖြင့် ရွှေ ၊ မုံရွာ ၊ မြင်းမူ ၊ လားရှိုးသို့ တင်ပို့မှုရှိသည်။

## ဂျုံနှင့်အစေ့ထုတ်ပြောင်း

ဂျုံအသစ်များ ဝင်ရောက်မှုရှိခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် မြင်းမူ ၊ မြောင် ၊ ငါန်းဇွန် ၊ ဆားတောင် ၊ ဘုတလင် ၊ မုံရွာဂျုံ ၃ တင်းတစ်အိတ် ၁၅၀၀၀၀ ကျပ် ၊ ကလေးဂျုံ ၃တင်းတစ်အိတ် ၁၂၀၀၀၀ ကျပ် ၊ ရှမ်းဂျုံ(သစ်) တစ်အိတ် ၁၄၀၀၀၀ ကျပ်၊ ဩစတြေးလျဂျုံမှုန့် တစ်ပိဿာ ၃၃၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် ဆောင်းပြောင်းဝင်ရောက်ချိန်ဖြစ်ခြင်း ၊ မြဝတီသို့ တင်ပို့ရမှုမရှိခြင်း၊ မြို့တွင်းအစာစပ်သမား အဝယ်နည်းခြင်း၊အရောင်းအဝယ်အေးခြင်းတို့ကြောင့် ၃ တင်းတစ်အိတ် ၄၉၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ခင်မေကြည်



ခပေါင်း ရေလှောင်တမံ နှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

# ဒေသအကျိုး သယ်ပိုးအမှန် ခပေါင်းတမံ

ကမ္ဘာကြီးတွင် တိုးတက်များ ပြား လာ သ ည့် လူဦးရေနှင့်အညီ စားနပ်ရိက္ခာလိုအပ်ချက် ဖြည့်ဆည်း ပေးနိုင်ရန်၊ လက်ရှိလူဦးရေ တိုးတက်နှုန်းကို ကာမိစေရန်အတွက် ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များ အသုံးပြုကာစားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေးကို တစ်ကမ္ဘာလုံး အနေဖြင့် အထူးပြုဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် လိုအပ်ချက်များထဲတွင် ကောင်းမွန်သော မြေအမျိုးအစား၊ သီးနှံနှင့် ကိုက်ညီသည့် ရာသီဥတု၊ သီးနှံအလိုက် လိုအပ်သော ရေပမာဏရရှိမှု၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးမှု၊ မြေသြဇာ သွင်းအားစုနှင့် စိုက်နည်းစနစ်မှန်ကန်မှုတို့သည် အထူး လိုအပ်ပါသည်။

စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေရရှိရေးသည် အဓိကလိုအပ်ချက်များထဲက တစ်ခုအပါအဝင်ဖြစ်သည်။ လိုအပ်သောအချိန်တွင် လိုအပ်သော ရေပမာဏ ပြည့်မီစွာ ရရှိပါမှ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် လိုအပ်သောရေကို လိုအပ်ချိန်တွင် ပေးဝေနိုင်ရန်အတွက် ဆည်တမံများ တည်ဆောက်၍ ရေသိုလှောင်ထိန်းသိမ်းခြင်း ၊ ရေပေးဝေရေး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် မြေပေါ်ရေသယံဇာတကို စီမံခန့်ခွဲခြင်းများအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အစဉ်တစိုက် ဆောင်ရွက်လျက် ရှိပါသည်။

ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတွင် စိုက်ပျိုးရေးလုပ်ငန်းများ တစ်နှစ်ပတ်လုံး လုပ်ကိုင် နိုင်စေရန် ပဲခူးရိုးမ အရှေ့ဘက်တောင်ကျောပေါ်မှ စတင်စီးဆင်းလာသော ခပေါင်းချောင်းကို ပိုတ်ကာ ဒေသအတွင်း တစ်သီးစိုက်မှ နှစ်သီးစိုက်၊ နှစ်သီးစိုက်မှ သုံးသီးစိုက်ထိ စိုက်ပျိုးနိုင်ရန် အတွက် လိုအပ်သည့် စိုက်ပျိုးရေကို ပေးဝေနိုင်ရန်၊ နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်၊ စစ်တောင်းမြစ်ရေကြီးရေလျှံမှုကို အထိုက်အလျောက် ကာကွယ်နိုင်ရန် ရည်ရွယ်၍ ခပေါင်းရေလှောင်တမံ နှင့် ခပေါင်းရေလွှဲဆည်ကို တည်ဆောက်ခဲ့သည်။

ခပေါင်း ရေလှောင်တမံသည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တည်ဆောက်ပြီးစီးခဲ့သည့် ရေလှောင်တမံများအနက် တတိယမြောက် သိုလှောင်ရေပမာဏ အများဆုံး ဖြစ်ပြီး တမံအမြင့်မှာ အဌမမြောက်အဆင့်ရှိ၍ ရေသောက်ဧရိယာအနေဖြင့် သတ္တမမြောက် အများဆုံး ရေလှောင်တမံဖြစ်သည်။

ခပေါင်းရေလှောင်တမံသည် ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်တွင် တည်ရှိသည်။ ခပေါင်းရေလှောင်တမံကို ဂျပန်နိုင်ငံ Sanyu Consultant မှ အတိုင်ပင်ခံအဖြစ်ဆောင်ရွက်၍ မြန်မာဆည်မြောင်းအင်ဂျင်နီယာများဖြင့် ဒီဇိုင်းရေးဆွဲတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ခပေါင်းရေလှောင် တမံနှင့် ရေလွှဲဆည်ကို ၂၀၀၁-၂၀၀၂ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ တမံအလျား ၉၂၀ ပေ၊ တမံအမြင့် ၂၀၀ ပေ၊ ကန်ရေပြည့် သိုလှောင်ရေပမာဏ ၈၇၈၅၇၀ ဧကပေ၊ ရှိ၍ ပျမ်းမျှလျှပ်စစ်ထုတ်လွှတ်ဓာတ်အားမှာ နှစ်စဉ် ကီလိုဝပ်နာရီ သန်းပေါင်း ၁၂၀ ဖြစ်ပြီး အကျိုးပြုဧရိယာမှာ ၅၃၂၈၆ ဧက ဖြစ်သည်။

ခပေါင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပြီးနောက် စီးဆင်းလာသည့်ရေကို အောက်ဘက် ၅ မိုင်ကွာရှိ ခပေါင်းရေလွှဲဆည်မှ တစ်ဆင့် လက်ယာတူးမြောင်းမကြီး (အုတ်တွင်းမြို့နယ်)၊ လက်ဝဲတူးမြောင်းမကြီး (တောင်ငူမြို့နယ်) တို့ဖြင့် ခွဲဝေ၍ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ဆည်ရေသောက်ဧရိယာများသို့ စိုက်ပျိုးရေပေးဝေရာတွင် ရေကို အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကြီးကြပ်၍ သက်ဆိုင်ရာတောင်သူများ ပူးပေါင်းပါဝင်သော ရေအသုံးချသူများ အဖွဲ့များ ဖွဲ့စည်းကာ စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့်ဆည်မြောင်း အဆောက်အအုံ၊ တူးမြောင်းပေါင်များ ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်။

ရေအသုံးချသူများအဖွဲ့အနေဖြင့် တောင်ငူမြို့နယ် ကျေးရွာအုပ်စု ၁၄ ခုတွင် အဖွဲ့ဝင် တောင်သူ ၉၇၈ ဦး ပါဝင်သော ရေအသုံးချသူများအဖွဲ့ ၇၅ ဖွဲ့နှင့် အုတ်တွင်းမြို့နယ် ကျေးရွာအုပ်စု ၃၉ ခုတွင် အဖွဲ့ဝင် တောင်သူ ၁၉၀၆ ဦး ပါဝင်သော ရေအသုံးချသူများအဖွဲ့ ၁၈၄ ဖွဲ့၊ စုစုပေါင်း အဖွဲ့ဝင် တောင်သူ ၂၈၈၄ ဦး ဖြင့် ၂၅၉ ဖွဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။

ခပေါင်းဆည်ရေသောက်ဧရိယာအတွင်း ဇွန်လမှ အောက်တိုဘာလကုန်အထိ မိုးစပါးကို ကွက်ပြည့်စိုက်ပျိုးပြီး မိုးစပါးရိတ်သိမ်းပြီးချိန် တောင်သူများ ရွေးချယ်မှုအရ နိုဝင်ဘာလလယ် ပိုင်းမှစ၍ ဖေဖော်ဝါရီလအတွင်း ဆောင်းသီးနှံ မတ်ပဲ၊ ပဲတီစိမ်းသီးနှံ (သို့မဟုတ်) ဇန်နဝါရီလမှ စ၍ ဧပြီလအတွင်း နွေစပါး စိုက်ပျိုးလေ့ရှိကြသည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် အုတ်တွင်းမြို့နယ်၌ မိုးစပါး ၄၀၀၀၀ ဧက စိုက်ပျိုးပြီး ဒုတိယသီးထပ် အဖြစ် ဆောင်းသီးနှံ ပဲတီစိမ်း၊ မတ်ပဲ ၈၃၀၈ ဧကကိုလည်းကောင်း၊ တတိယသီးထပ် အဖြစ် နွေစပါး ၂၇၄၅၄ ဧကနှင့် မတ်ပဲ/ ပဲတီစိမ်း ၁၂၇၄၆ ဧကတို့ကို တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်ခဲ့သည်။ တောင်ငူမြို့နယ်တွင် မိုးစပါး ၁၃၂၈၆ ဧက စိုက်ပျိုးပြီး ဒုတိယသီးထပ်အဖြစ် ဆောင်းသီးနှံ ပဲတီစိမ်း၊ မတ်ပဲ ၅၈၂၇ ဧက ကိုလည်းကောင်း၊ နွေစပါးစိုက်ပျိုးရန်အတွက် လျာထား ၁၂၂၄၄ ဧကနှင့် ကျန် ၁၀၄၂ ဧကတွင် မတ်ပဲ/ ပဲတီစိမ်းတို့ စိုက်ပျိုးမည် ဖြစ်သည်။

ခပေါင်းဆည်ရေသောက်ဧရိယာအတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် တွင် စုစုပေါင်း မိုးစပါး ၅၃၂၈၆ ဧက၊ ဆောင်းသီးနှံ ၁၄၁၃၅ ဧက စိုက်ပျိုးခဲ့ပြီး နွေစပါး ၃၉၆၉၈ ဧက နှင့် နွေသီးနှံ ၁၃၅၈၈ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့သည်။

၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် အုတ်တွင်းမြို့နယ်တွင် နှစ်သီးစိုက် ဧရိယာများအတွက် လက်ယာတူးမြောင်းမကြီးမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင်လည်းကောင်း၊ သုံးသီးစိုက် ဧရိယာများအတွက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် လည်းကောင်း၊ တောင်ငူမြို့နယ်တွင် လည်း နှစ်သီးစိုက်ဧရိယာများအတွက် လက်ဝဲတူးမြောင်းမကြီးမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက်နေ့တွင် လည်းကောင်း၊ သုံးသီးစိုက်ဧရိယာများအတွက် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နေ့တွင်လည်းကောင်း စိုက်ပျိုးရေ စတင်ပေးဝေခဲ့ပြီး ဖြစ်သည်။

ယင်းသို့ ဆောင်းသီးနှံနှင့် နွေစပါးများ စိုက်ပျိုးနေချိန်တွင် သီးနှံအတွက် လိုအပ်သော ရေပမာဏ ကို အချိန်မီ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးစေရန် ဆည်ရေသောက် ဧရိယာ အတွင်း လိုအပ်သည့် ပြင်ဆင်မှုများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ခပေါင်းရေလှောင်တမံတည်ဆောက်ခဲ့ခြင်းကြောင့် တောင်ငူခရိုင်၊ တောင်ငူမြို့နယ်နှင့် အုတ်တွင်း မြို့နယ်တို့တွင် ဆည်ရေဖြင့် တစ်သီးမှ နှစ်သီး၊ သုံးသီးထိ တိုးမြှင့်စိုက်ပျိုးလာနိုင်ခြင်း၊ စစ်တောင်းမြစ်

စာ-၅ သို့